# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❐




နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။

## ယနေ့ ဖတ်စရာ



**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ** — ဆောင်းပါး — စာ - ၆

**မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်** — ပြည်တွင်းသတင်း — စာ - ၇

**သတိပြုထိန်းသိမ်းကြရမည့် မြေဆီလွှာတိုက်စားခြင်း** — စိုက်၊ မွေး၊ စီးပွား အထူးကဏ္ဍ — စာ - ၂၀



## သဘာဝအန္တရာယ်ကြိုတင်သတိပေးမှုများ သတိပြုမှတ်သား ပြင်ဆင်ရှောင်ရှား

ယခုကာလသည် ရာသီဥတု ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်ခြင်းနှင့် ၎င်း၏ အကျိုးဆက်ဖြစ်သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည့် အချိန်ကာလဖြစ်ရာ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ထုတ်ပြန်ပေးလျက်ရှိသည့် မိုးလေဝသကြေညာချက်များနှင့် သတိပေးချက်များကို အထူးဂရုပြုကြရမည့် အချိန်အခါဖြစ်သည်။

မေလ ၁၉ ရက်မှ ၂၃ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်း။ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးများနှင့် ရခိုင်၊ ကရင်၊ မွန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၃ လက်မ (၇၇ မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်ကြောင်း၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ၊ ရခိုင်ကမ်းရိုးတန်းများနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်ကြောင်းနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်းတို့ကို မိုး/ဇလက မေ ၁၈ ရက်တွင် မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးခဲ့ရာ မြန်မာနိုင်ငံ ဒေသအချို့တွင် မိုးသက်လေပြင်းကျ၍ လှိုင်းကြီးခြင်း ၊ ရုတ်တရက်ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

မိုးကြိုမိုးနှောင်းကာလများသည် ရာသီအပြောင်းအလဲများနှင့်အတူ မိုးလေဝသဖြစ်စဉ်များ ထူးထူးခြားခြား ဖြစ်ပေါ်လေ့ရှိသည့် ကာလများဖြစ်သည့်အလျောက် ပင်လယ်ပြင်နှင့် မြစ်ချောင်းများတွင် ရေယာဉ်များဖြင့် သွားလာရာတွင်လည်းကောင်း၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ကိုင်ရာတွင်လည်းကောင်း မီဒီယာအမျိုးမျိုးမှတစ်ဆင့် အသိပေးထုတ်ပြန်ကြေညာလျက်ရှိသည့် မိုးလေဝသသတင်းအချက်အလက်များကို ဂရုတစိုက်ရယူကြရန်လိုအပ်သည်။ မိမိတို့နေထိုင်သည့် နေရာများ ၏ အနေအထားကိုလိုက်၍ မြေပြိုမည့်အန္တရာယ်၊ ရုတ်တရက် ရေကြီးမည့်အန္တရာယ်များ ကြုံတွေ့လာနိုင်သည်ကို ကြိုတင်သတိပြုကာ အချိန်မီတိမ်းရှောင်နိုင်ရန် ပြင်ဆင်မှုများပြုလုပ်ထား ကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်တို့အရ သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ခြေအများဆုံးသော နိုင်ငံများထဲတွင် ပါဝင်သည်။ သဘာဝဘေးအန္တရာယ်ဟူသည် တားဆီး၍ရနိုင်သောအရာ မဟုတ်သကဲ့သို့ ရှောင်လွှဲ၍ ရနိုင်သော အရာလည်းမဟုတ်၊ ကြိုတင်ပြင်ဆင်မှုဖြင့် ရင်ဆိုင်ရမည့်အရာသာ ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရာတွင် ကြိုတင်ပြင်ဆင်မှုကောင်းမွန်သည်နှင့်အမျှ ထိခိုက်ဆုံးရှုံးမှု အသက်သာဆုံး၊ အနည်းဆုံးသော ရလဒ်ကို ရရှိနိုင်မည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူဌာနအဖွဲ့အစည်းများက စီမံခန့်ခွဲဆောင်ရွက်နေသကဲ့သို့ပင် ပြည်သူများအနေဖြင့်လည်း မိမိတို့အပေါ်ဘေးအန္တရာယ်များ ကျရောက်မလာစေရန် အလေးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကြိုတင်ခန့်မှန်းသတိပေးမှုများကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်ဝက်ဘ်ဆိုက်၊ လူမှုကွန်ရက်များ စသည့်မီဒီယာများမှ ထပ်ဆင့်အချိန်အလိုက် ထုတ်ပြန်ပေးလျက်ရှိရာ ထုတ်ပြန်ကြေညာချက်၊ သတိပေးချက်များကို အထူးသတိပြုမှတ်သားဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်အပေါင်းမှ ကြိုတင်ပြင်ဆင်ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။

## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁–၁၁–၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂–၅–၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂–၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂–၆–၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင်အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ – ၅ – ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် မေ ၂၁**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၂–၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် တိုင်းမှူးက အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃–၅–၂၀၂၁)မှ(၃–၁၁–၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁–၄–၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**



နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲတွင် သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ် နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။

❒ *ရွှေဖုံးမှ*

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ RCSS အတွင်းရေးမှူး-၁ စဝ်စိုင်းငင်း၊ RCSS ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ် တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲကို မေ ၂၂ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အဖွဲ့ဝင်များ၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ် နှင့် အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြစဉ်။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၂၃) ကြိမ်မြောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ပူဇော်ကန်တော့ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၁**

စိုက်ပျိုးရေးဘွဲ့ရများအသင်း (AUAA)က ဦးဆောင်ကျင်းပသော (၂၃) ကြိမ်မြောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာန နဝရတ်ခန်းမ၌လည်းကောင်း၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌လည်းကောင်း တစ်ပြိုင်တည်း ကျင်းပသည်။



အခမ်းအနားသို့ ကန်တော့ခံ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူ ဟောင်းများနှင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အခမ်းအနားသို့ လူကိုယ်တိုင် တက်ရောက်နိုင်ခြင်းမရှိသည့် ကန်တော့ခံ အငြိမ်းစား ဆရာကြီး ဆရာမကြီးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးတက္ကသိုလ်မှ ကွယ်လွန်သူ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းဆင်း ကျောင်းသား ကျောင်းသူဟောင်းများကို ရည်စူး ပြုလုပ်သော ကုသိုလ်ကောင်းမှု ဗီဒီယိုမှတ်တမ်းကို တင်ဆက်ပြသပြီး (၁)မိနစ်ခန့် ငြိမ်သက်ကာ ဆုတောင်းမေတ္တာပို့သကြသည်။ ဆက်လက်၍ ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင် ရေးစပ်သီကုံးသော စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ ထပ်တွန့်သုံးချက်ညီ ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် အမိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကြီးက မွေးဖွားပေးလိုက်သည့် ဘွဲ့ရများအနေဖြင့် နိုင်ငံတကာတက္ကသိုလ်များတွင် ရာနှုန်းပြည့်အောင်မြင်စွာ မဟာသိပ္ပံဘွဲ့ ပါရဂူဘွဲ့များ ရရှိခဲ့ကြခြင်းသည် တက္ကသိုလ်၏ အရည်အသွေးမြင့်မားမှု၊ ဆရာကြီး ဆရာမကြီးများ၏ ကြီးမြတ်သောပညာဂုဏ်နှင့် တပည့်များအပေါ်ထားရှိသည့် မေတ္တာ ကရုဏာ စေတနာများကြောင့် ဖြစ်ပါကြောင်း၊ သို့ပါ၍ ယနေ့ အခမ်းအနားတွင် မေတ္တာ ကရုဏာ စေတနာ ကျေးဇူးများနှင့် အာစရိယဂုဏ်ကို ပူဇော်ကန်တော့ကြရမည်ဖြစ်ကြောင်း၊ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ အထူးသဖြင့် အသက်အရွယ်ကြောင့် သွားလာရခက်ခဲသော ဆရာကြီး ဆရာမကြီးများကို အွန်လိုင်းမှ ပူဇော်ကန်တော့ခွင့်ရရှိသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဆရာနှင့်တပည့် ရင်းနှီးနွေးထွေးသော ဆက်ဆံမှုကို အရင်းခံသော ထူးခြားလှသည့် မြန်မာတို့၏ မြတ်နိုးဖွယ် ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် အာစရိယပူဇော်ပွဲ ဓလေ့ထုံးတမ်းကို ရေရှည်တည်တံ့စေရေးအတွက် မျိုးဆက်သစ်များအနေဖြင့် လက်ဆင့်ကမ်း ကျင့်သုံးသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအတွက် ကန်တော့ငွေနှင့် ကျန်းမာရေးစောင့်ရှောက်မှု ငွေပဒေသာပင်များကို ပြည်ထောင်စုဝန်ကြီး(ဝဲပုံ)နှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ယနေ့အခမ်းအနားတွင် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၁၃၀ ကို တပည့်များက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြရာ ဆရာကြီး ဦးသန်းအောင်၊ ဒေါက်တာ သန်းသန်းရှိန် နှင့် ဒေါက်တာ တင်ထွဋ်တို့က ဆရာကြီး ဆရာမကြီးများကိုယ်စား ဩဝါဒနှင့် ဆုပေးစကားများပြောကြားပြီး အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့ကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ်ရှိ ကျောင်းဆောင်သစ်ဖွင့်ပွဲများ တက်ရောက်ဖွင့်လှစ်



**ပန်းတနော် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းပရိဝုဏ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်တို့က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ ကိုယ်စား ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားပြီး မိမိတို့၏ ကျောင်းသားလူငယ်များ တည်ငြိမ်အေးချမ်းစွာ ပညာရေးသင်ကြားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားလူငယ်များကို ပြုစုပျိုးထောင်ရာတွင် မေတ္တာ စေတနာ အပြည့်ဖြင့် ကြိုးစား ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ ကျောင်းနေပျော်၍ စာတော်ရသည့် ကလေးငယ်များဖြစ်အောင် အဘက်ဘက်က ဝိုင်းဝန်းပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ကျောင်းဆောင်သစ်များ ဖွင့်လှစ်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် ပညာရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်က ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကိုယ်စား နိုင်ငံတော်အစိုးရအားကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ဒေါင့်ကြီးကွက်သစ် အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိကြပြီး တစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)** ကမ္ပည်းဆိုင်းဘုတ်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အစုကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းဆိုင်းဘုတ်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အိမ်ယာကြီးကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အိမ်ယာကြီးကျေးရွာ၌ မဟာဓာတ်အားလိုင်း ပြင်ပ အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် ဆိုလာအသေးစား ဓာတ်အားပေးစနစ် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကျိုးခံစားခွင့်ရရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်ဒေသမီးရရှိရေးအနေဖြင့် လက်ရှိတွင် မဟာဓာတ်အားလိုင်းပြင်ပဧရိယာ၏ ၃၅ ဒသမ ၂ ရာခိုင်နှုန်း လွှမ်းခြုံပေးနိုင်ခဲ့ပါကြောင်း၊ အိမ်ယာကြီးကျေးရွာတွင် ဆောင်ရွက်သည့် ဆိုလာ ၁၁၅ ကီလိုဝပ်နှင့် ၁၁၀ ကီလိုဝပ် အရန်ဒီဇယ် အင်ဂျင်စနစ်ပါဝင်သော ဆိုလာ-ဒီဇယ် ပေါင်းစပ်စနစ် အမျိုးအစားကို ZLT Super Electrical ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ခဲ့ပြီး နိုင်ငံတော်ဘတ်ဂျက်မှ ၆၀ ရာခိုင်နှုန်း ကျေးရွာနေပြည်သူများမှ ၂၀ ရာခိုင်နှုန်းနှင့် လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းမှ ကျေးရွာရှိ အိမ်ထောင်စုပေါင်း ၂၉၀ ကျော် အကျိုးခံစားခွင့် ရရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများအပါအဝင် သမဝါယမကဏ္ဍ ဖွံ့ဖြိုးရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီး အတွင်း မဟာဓာတ်အားလိုင်းမရောက်နိုင်သော ကျေးရွာများ၏ Solar Mini Grid မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ စီမံကိန်း ၂၈ ခုအနက် အိမ်ယာကြီး ကျေးရွာအပါအဝင် စီမံကိန်းလုပ်ငန်း ၁၉ ခု ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ယခုလက်ရှိ Solar Mini Grid မီးလင်းရေးနှင့် ဆောင်ရွက်ဆဲလုပ်ငန်း ကိုးခုရှိပြီး အဆိုပါစီမံကိန်းများမှ ကျေးရွာပေါင်း ၁၇ ရွာ အိမ်ခြေ ၂၄၀၀ ကျော်ရှိ ပြည်သူများအနေဖြင့် မကြာမီကာလအတွင်း လျှပ်စစ်မီးရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆိုလာအသေးစားဓာတ်အားပေးစနစ် မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ZLT Super Electrical ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**



**ကြည့်ရှုစစ်ဆေး**

ထို့နောက် မီးလင်းရေးစက်ရုံ ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ဆိုလာ အသေးစားဓာတ်အားပေးစက်ရုံနှင့် ကျေးရွာတွင်း လျှပ်စစ်ဓာတ်အားသွယ်တန်းထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မအူပင်မြို့ မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသုံးခုရှိ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့ရှိ သမဝါယမသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ပြည်စုံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်သို့ Daedong လယ်ယာသုံးစက်ကိရိယာနှင့် စိုက်ပျိုးရေးသွင်းအားစု အရင်းမပျောက် မတည်ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာ စကားပြောကြားပြီး ငွေကျပ် ၁၇၀ ဒသမ ၉၇၃ သိန်း တန်ဖိုးရှိ Daedong DS-4510 ထွန်စက်တစ်စီး၊ စိုက်ပျိုးရေးသွင်းအားစု အရင်းမပျောက်မတည်ငွေကျပ် ၃၆ သိန်းတို့ကို ကန်ကြီးထောင့်မြို့နယ် ပြည်စုံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌထံသို့လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ကန်ကြီးထောင့်မြို့နယ် အနောက်စုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်နေ့လျှင် ဂါလန် ၂၀၀ သန့်စင်ပေးနိုင်သော ရေသန့်စက် တပ်ဆင်ပြီးစီးမှုကို လည်းကောင်း၊ အနောင်စုကျေးရွာ Daedong ထွန်စက်ဖြင့် ထွန်ယက်နေမှု သရုပ်ပြပွဲကို လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်လျက်ရှိသည့် လူသုံးကုန်လက်မှုထည်များဖြစ်သည့် ပလတ်စတစ်ခြင်းအမျိုးမျိုးနှင့် လက်ကိုင်အိတ်အမျိုးမျိုး ပြုလုပ်နည်းသင်တန်းမှ သင်တန်းသားသင်တန်းသူများ၏ ထုတ်ကုန်များကို လည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာနက တွံတေးမြို့ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ ကျောင်းသား ကျောင်းသူများအတွက် နေ့လယ်စာ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်း

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည့် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်၊ ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

**ပြန်ကြားရေးဝန်ကြီးဌာနက မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ ကျောင်းသား ကျောင်းသူများအတွက် နေ့လယ်စာ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ဘုရားကြီးစံပြကျေးရွာရှိ အဆိုပါလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ ရုပ်ရှင်အနုပညာရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နံနက် ၁၀ နာရီတွင် တွံတေးမြို့ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ ရောက်ရှိပြီး ပရဟိတဂေဟာ နာယက ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကာ ကျောင်းသား ကျောင်းသူများအား နေ့လယ်စာ ကျွေးမွေးလှူဒါန်းသည်။

ယင်းနောက် မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာခန်းမ၌ ကျောင်းသား ကျောင်းသူများအတွက် အလှူငွေနှင့် စာအုပ်လှူဒါန်းပွဲ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က ကျောင်းသား ကျောင်းသူများကို အားပေးစကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ ကျောင်းသား ကျောင်းသူများအတွက်နေ့လယ်စာ အလှူငွေကျပ် ၁၀ သိန်း **(ယာပုံ)** နှင့် စာပေဗိမာန်ထုတ် သုတ ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ်က ပရဟိတဂေဟာ အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။




ယင်းနောက် ကျောင်းသား ကျောင်းသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များနှင့် ဧည့်သည်တော် အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**မင်္ဂလာ ပရဟိတဂေဟာကို ၁၉၉၉ ခုနှစ် မေ ၂၈ ရက်တွင် စတင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု တတိယအဆင့် ပရဟိတဂေဟာဖြစ်ကာ လက်ရှိတွင် မွေးကင်းစ ၂၂ ဦး၊ မူလတန်း ၂၉ ဦး၊ အလယ်တန်း ၂၉ ဦးနှင့် အထက်တန်း ၁၅ ဦး၊ တက္ကသိုလ် ငါးဦး စုစုပေါင်း ၁၀၀ ကို လက်ခံထားရှိ ပြုစုပျိုးထောင်လျက်ရှိကြောင်း သိရသည်။**

ယမန်နေ့ ညပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပပြုလုပ်သည့် Friday Night Live Show တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်၊ ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသော ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် ထုတ်လုပ်သူများ၊ သတင်း / စာနယ်ဇင်း ဆရာများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။

အဆိုပါရိုက်ကူးရေးမစတင်မီ ပြည်ထောင်စုဝန်ကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အနုပညာရှင်များက တတ်စွမ်းသော အနုပညာဖြင့် ကြိုးပမ်းလုပ်ဆောင်နိုင်ရေး၊ အနုပညာလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်လာနိုင်မှုနှင့်အတူ အနုပညာလောက ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အနုပညာရှင်များ၊ ထုတ်လုပ်သူများ၊ သတင်း/စာနယ်ဇင်း ဆရာများ၊ ပရိသတ်များနှင့်အတူ "မနှင့်မောင်" တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်၊ ရိုက်ကူးထုတ်လွှင့်မှုကို တက်ရောက်ကြည့်ရှုအားပေးကာ ဖျော်ဖြေတင်ဆက်ခဲ့ကြသော မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ **သတင်းစဉ်**

---

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ



သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၁၃၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၀၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ဒေသခံပြည်သူ ၁၇၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၉၇၇၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တောင်တွင်းကြီး မေ ၂၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်က တောင်တွင်းကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးတပ်နယ်မှူး ဗိုလ်မှူးချုပ် ထွန်းထွန်းနိုင်၊ နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီး ကျော်သန်းဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်သစ်တောဦးစီးမှူးတို့က တက်ရောက်လာသောဌာနဆိုင်ရာများထံသို့ စိုက်ပျိုးမည့်ပျိုးပင်များပေးအပ်ခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် တစ်ပြိုင်နက် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတွင် အမြင့် နှစ်ပေအထက် ပျိုးပင်များဖြစ်သော ကျွန်းပင်၊ စိန်ပန်းလေး၊ ပိတောက်၊ စိန်ပန်းကြီး၊ စွယ်တော်၊ မဲဇလီ၊ ရေတမာ၊ တမာ၊ ပန်းမဲဇလီ၊ မြန်မာကုက္ကို စသည့် ပျိုးပင်ပေါင်း ၅၀၀ ကို ကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**

---

# မိုးမောက်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုးမောက် မေ ၂၁**

ကချင်ပြည်နယ် မိုးမောက်မြို့ သစ်တောဦးစီးဌာန၏ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက အလင်းကောင်ရပ်ကွက် အောင်လောင်းတောနေရာတွင် ကျင်းပခဲ့ကြောင်း သိရသည်။


အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မိုးမောက်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများပူးပေါင်း၍ (ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယမနေ၊ ငါးပေါက်) ပျိုးပင် စုစုပေါင်း ၂၀၀ ခန့်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မိုးမောက်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် လူထုဖြန့်ဝေစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းတည်ဆောက်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးကြမည့် အသင်းအဖွဲ့နှင့်ပြည်သူများအတွက် အမြင့် နှစ်ပေနှင့်အထက် ပျိုးပင်ပေါင်း ၁၀၇၀၀ ကို အခမဲ့ဖြန့်ဝေနိုင်ရေးအတွက် ပြုစုပျိုးထောင်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ထိုက်ဦးထံမှ သိရသည်။

**လွန်းနန်းထွေး(ပြန်/ဆက်)**

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ

မြင့်စိုး(နတလ)



သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

### အညာမြေသို့ ခရီးတစ်ခေါက်

"လောကကြီးမှာ မမျှော်လင့်သောအရာတို့သည် ဖြစ်တတ်ကြလေရာ အံ့ဩစရာမဟုတ်ဘဲ.........

ဖြစ်လာမှသာလျှင်၊ သြော် ... ငါဖြစ်လာပါပကောဟု အံ့ဩရပေတော့သတည်း ..."

လွန်ခဲ့သောနှစ်ပေါင်း ၄၄ နှစ်၊ စစ်တက္ကသိုလ် ပထမနှစ် ဗိုလ်လောင်းဘဝ၊ မြန်မာစာအချိန်တိုင်း နဝဒေးခန်းမအတွင်းသို့ ခြေလှမ်းကျဲကြီးများနှင့် လှမ်းဝင်လာရင်း အောင်မြင်ခန့်ညားသော အသံဖြင့် ရေရွတ်ပြတတ်သည့် ကျွန်တော်တို့၏ မြန်မာစာဆရာ ဗိုလ်ကြီး အုန်းကြွယ်၊ ဆရာ၏ အရပ်ရှည်ရှည် ခါးနွဲ့နွဲ့သဏ္ဌာန်၊ ကွမ်းတမြုံ့မြုံ့ ဝါးဟန်တို့ကို အမှတ်ရမိသကဲ့သို့ သူရေရွတ်ခဲ့သည့် အထက်ပါစကားစုတို့သည်လည်းပဲ ကျွန်တော့်ဘဝ တစ်သက်တာ ရင်ထဲမှာ တွဲခိုလိုက်ပါလာခဲ့သည်။ ယခုတော့ ဤစကားစုတို့ကို သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)၌ ပြန်လည်ရေရွတ်ပြခွင့် ရခဲ့ပါပြီ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ရလိမ့်မည်ဟူ၍ လည်းကောင်း၊ ထိုဝန်ကြီးဌာနအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအား စကားပြောခွင့်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား အားပေးနှုတ်ဆက်ခွင့် ရလိမ့်မည်ဟူ၍ လည်းကောင်း၊ ဘယ်သောအခါကမျှ ကျွန်တော် ထင်မှတ်မထားခဲ့ပါ။ ယခုတော့ ရောက်ခဲ့ရပါပြီ။ ဇေယျာကမ်းအလှပန်းချီ စစ်ကိုင်းဌာနီ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်ကျောင်းတော်သာဆီသို့။

ကျောက်ဆည်မြို့ရှိ မိခင်တပ်ရင်းတွင် ခုနစ်နှစ်နီးပါးမျှ တာဝန်ထမ်းဆောင်ခဲ့ရသော ကျွန်တော့်အဖို့ မန္တလာမြေသည် သူစိမ်းမဆန်ခဲ့ပါ။ သို့တစ်စေ အညာဒေသ၏ အငွေ့အသက်များက ကျွန်တော့်စိတ်ကို ပြန်လည်လန်းဆန်း နိုးထစေခဲ့သည်ကတော့ အမှန်ပင်။ ထိုနေ့ ခရီးစဉ်တွင် ကျွန်တော်နှင့်အတူ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းတို့ လိုက်ပါလာခဲ့ကြသည်။ မေလ ၁၆ ရက်နေ့၊ နံနက်ပိုင်းမှာ စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ ရောက်ရှိခဲ့ကြသည်။ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီနှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ သင်ကြားရေးဆရာ ဆရာမများ၊ ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်သည်။ မေလ ၁၂ ရက်နေ့ကတည်းက တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ ပြန်လည်ဖွင့်လှစ်သင်ကြားနေကြပြီဖြစ်ရာ မိမိတို့ဝန်ကြီးဌာနအောက်ရှိသမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်းနှင့် သန်လျင်)၊ သမဝါယမကောလိပ် (မန္တလေးနှင့် ဖောင်ကြီး) တို့သည်လည်း လှုပ်ရှားသက်ဝင်နေကြပြီ ဖြစ်သည်။ အဓိကအလေးထားမှာကြားမိသည်ကတော့ တက္ကသိုလ်ပရဝဏ်အတွင်းသို့ ပြန်လည်ရောက်ရှိလာကြသော သားငယ်သမီးငယ်များ စိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်စေဖို့၊ နေထိုင်စားသောက်ရေး အဆင်ပြေစေဖို့၊ ဆရာ ဆရာမများက Guardian စနစ်ဖြင့် ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ပေးကြရန်၊ မိမိတို့ ကိုယ်တိုင်လည်း ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ကျင့်ကြံနေထိုင်၍ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များ အကောင်အထည်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်လိုက်သော ထောက်ပံ့ငွေများကိုလည်း ပေးအပ်ခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့်သာ နှစ်ပေါင်းများစွာ ရင်းနှီးကျွမ်းဝင်ခဲ့ရသော ကျွန်တော်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ သမဝါယမကောလိပ်များနှင့် ရေစက်ဆုံလာသောအခါ ထိုတက္ကသိုလ်ကောလိပ်များထံမှ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို တွေ့လာရသည်။ သင်ကြားပေးသော ဘာသာရပ်များကို စိတ်ဝင်စားသည့်အပြင် ပေါင်းကူးစနစ်တစ်ခုကို ချိတ်ဆက်ထားကြောင်းလည်း တွေ့ရသည်။

### သမဝါယမ စာရင်းရေးစာရင်းကိုင်နှင့် သက်မွေးပညာသင်တန်းကျောင်းများ

ယခင်က သမဝါယမသင်တန်းကျောင်း အမည်ဖြင့် ဖွင့်လှစ်ခဲ့သော တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင် ကျောင်းများကိုလည်းကောင်း၊ သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း အမည်ဖြင့် ဖွင့်လှစ်ထားသော မန္တလေးကျောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးတစ်ဦး ကြီးကြပ်ကွပ်ကဲသည့် သမဝါယမ စာရင်းရေးစာရင်းကိုင်နှင့် သက်မွေးပညာ သင်တန်းကျောင်းများအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်း သင်ကြားပို့ချပေးသွားနိုင်ရေး သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာအဋ္ဌမတန်း အောင်မြင်ပြီးသူများ တက်ရောက်ခွင့်ရှိသည်။ သင်တန်းကာလ (၂) နှစ်အတွင်း ပထမနှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ သမဝါယမပညာ၊ Business Accounting၊ Fundamentals of ICT ဘာသာရပ်များ၊ ဒုတိယနှစ်၌ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ သမဝါယမ စာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း၊ Cost Accounting၊ Financial Accounting၊ Computerized Accounting ဘာသာရပ်များကို သင်ကြားပေးလျက် ရှိသည်။ သင်တန်းကျောင်းမှ သင်ကြားပေးသော ဘာသာရပ်များကို ပြင်ပစီးပွားရေးလုပ်ငန်းရှင်များကိုယ်တိုင် နှစ်သက်သဘောကျသဖြင့် လာရောက်သင်ယူကြကြောင်း ကျွန်တော်ရောက်ရှိခဲ့သည့် မန္တလေးမြို့ သင်တန်းကျောင်းအုပ်က ရှင်းလင်းပြောကြားသည်။ မန္တလေးသင်တန်းကျောင်းသည် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊ ၈၃ လမ်းနှင့် ၂၅-၂၆ လမ်းကြားတွင် တည်ရှိနေပါသည်။ မကြာမီသင်တန်းများ ဖွင့်လှစ်တော့မည်။ သင်တန်းသား ၅၀ မှ ၁၀၀ ကြား တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

### သမဝါယမကောလိပ်များ

မိမိတို့ ဝန်ကြီးဌာနအောက်တွင် သမဝါယမကောလိပ် (မန္တလေး) နှင့် (ဖောင်ကြီး) ကျောင်းများရှိနေပါသည်။ သမဝါယမကောလိပ် (မန္တလေး) ၏ ကျောင်းအုပ်ကြီးမှာ ဒေါက်တာတင်မူအေး ဖြစ်သည်။ မန္တလေးဟုဆိုသော်ငြားလည်း ထိုကောလိပ်ကျောင်းသည် ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေတွင် အေးချမ်းစွာတည်ရှိနေပါသည်။ ဘုရားရိပ် တရားရိပ်အောက်က ထိုကျောင်းပရိဝုဏ်လေးကိုလည်း ကျွန်တော် သဘောကျမိသည်။ သမဝါယမကောလိပ် (မန္တလေး) သည် ၁၉၇၉ ခုနှစ်တွင် သမဝါယမသင်တန်းကျောင်းအနေဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် သမဝါယမကောလိပ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။ နှစ်နှစ် သင်တန်းပြီးဆုံးပါက ဒီပလိုမာဘွဲ့ (၅ မျိုးရှိပါသည်) ပေးအပ်ချီးမြှင့်ကာ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်တွင် တတိယနှစ်မှစ၍ ပေါင်းကူးတက်ရောက်ခွင့် ရကြမည် ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ သမဝါယမကောလိပ်(မန္တလေး)မှ ဒီပလိုမာဘွဲ့ ရရှိပြီးသူ ၄၈၆၉ ဦးရှိကြောင်း၊ နှစ်စဉ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများထဲမှ ကောလိပ်ဝင်ခွင့် လျှောက်ထားလာသူ ၈၀၀ မှ ၁၀၀၀ အထိ ရှိကြောင်း သိရပါသည်။ သမဝါယမကောလိပ် (မန္တလေး) သို့ရောက်ခိုက် ကျောင်းတက်နေသော ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးခဲ့သည်။ ကောလိပ်ကျောင်း၏ လိုအပ်ချက် တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပါသည်။ တစ်နေ့နေ့မှာတော့ သမဝါယမကောလိပ် (ဖောင်ကြီး) ကိုလည်း ကျွန်တော်အရောက် သွားပါဦးမည်။

### သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များကို စစ်ကိုင်းနှင့် သန်လျင်တို့တွင် ဖွင့်လှစ်ထားပါသည်။ လောလောဆယ် အနေအထားအရ သန်လျင်တက္ကသိုလ်ကို *စာမျက်နှာ ၇ သို့*

**" သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းနှင့် ချိတ်ဆက်၍ Job Fair အခမ်းအနားများ နှစ်စဉ် ကျင်းပပြုလုပ်ပေးခြင်း၊ ယင်းအခမ်းအနားတွင် ပြင်ပစီးပွားရေးပညာရှင်များ၏ ဟောပြောပွဲများ ထည့်သွင်းပြုလုပ်ပေးခြင်း၊ လာရောက်ခင်းကျင်းပြသသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ကျောင်းသား ကျောင်းသူများအား ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ဝန်ကြီးဌာနအသီးသီးမှ ခေါ်ယူသည့် စီးပွားရေးဆိုင်ရာဘွဲ့များနှင့် ပတ်သက်သည့် ဝင်ပေါက်ရာထူးနေရာများတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များမှ ဘွဲ့ရကျောင်းသား ကျောင်းသူများအား ထည့်သွင်းခေါ်ယူနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည် "**

# နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ ဘဏ်လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များအတိုင်း ထိထိရောက်ရောက်ဆောင်ရွက်

နေပြည်တော် မေ ၂၁

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပ သည်။ (ယာပုံ)**




အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ရာနှုန်း ပြည့် အစုရှယ်ယာရှင်ဖြစ်သော နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဘဏ်ဒါရိုက်တာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြား ရေးမှူးချုပ်များ၊ Win Thin & Associates Certified Public Accountants အဖွဲ့၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အဆိုပါဘဏ်မှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမောင်မောင်နိုင်က တိုင်းပြည်တစ်ခု၏ အဓိက မောင်းနှင်အားမှာ စီးပွားရေးဖြစ်ပြီး စီးပွားရေး၏ အဓိကမောင်းနှင်အား တွင် ဘဏ်များသည် တစ်ခုအပါအဝင်ဖြစ်သည့် အတွက် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ဘဏ်လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များအတိုင်း စဉ်ဆက်မပြတ် စနစ်တကျဖြင့် ထိထိရောက်ရောက် လည်ပတ် ဆောင်ရွက်ရန်နှင့် ယနေ့ခေတ် နည်းပညာကဏ္ဍများ တိုးတက်ပြောင်းလဲလာသည်နှင့်အညီ Digital Banking စနစ်သို့ ကူးပြောင်းနိုင်ရေးကိုလည်း အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**လုပ်ငန်းဆောင်ရွက်မှုတင်ပြ**

ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာနှစ် အတွက် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် လီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်ငြိမ်း က ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာနှစ်၏ နှစ်ပတ်လည် အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းတင်ပြ သည်။

**ရှေ့လုပ်ငန်းစဉ်များအတည်ပြု**

ထို့နောက် ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ်အတွက် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာ အဖွဲ့ဝင်များ၏ အမည်စာရင်းကို အတည်ပြုကြေညာ ခဲ့ပြီး (Win Thin & Associates Certified Public Accountants)မှ Managing Partner ဦးမိုးကျော်က ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာနှစ်၏ စာရင်းစစ်အစီရင်ခံစာ ကိုဖတ်ကြားခြင်း၊ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးစိုးထွန်းက နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ၏ ရှေ့လုပ်ငန်းစဉ်များကို တင်ပြအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာ မောင်မောင်နိုင်က နိဂုံးချုပ်စကား ပြောကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ကျွန်တော် မရောက်ဖူးသေးပါ။ စစ်ကိုင်း တက္ကသိုလ်ကမူ စစ်ကိုင်းမြို့ ရွာထောင် ဘူတာရုံအနီး ရွှေသမားရပ်တွင် တည်ရှိနေပါသည်။ မူလဘူတ အစောပိုင်းကာလများတွင်တော့ အဆိုပါ တက္ကသိုလ်သည် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့အတွက် ရည်ရွယ်ဖွင့်လှစ်သော သမဝါယမသင်တန်းကျောင်းဖြစ်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် တက္ကသိုလ်အဆင့်ကို တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ တက္ကသိုလ်များ ဖွင့်လှစ် ရသည့် ရည်ရွယ်ချက်မှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက် ရေးအတွက် အရည်အသွေးပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဖြစ်ပါသည်။ သမဝါယမတက္ကသိုလ်ဟု ခေါ်ဝေါ်လာရာမှ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်ဟု ပြောင်းလဲသတ်မှတ် ခေါ်ဝေါ်ခဲ့ပါသည်။

ယင်းတက္ကသိုလ်များ၌ သင်ကြားပေးသော အထူးပြုဘာသာရပ်များမှာ သမဝါယမပညာဘာသာ ရပ်၊ ဘောဂဗေဒဘာသာရပ်၊ စာရင်းအင်းပညာ ဘာသာရပ်၊ ဘဏ္ဍာရေးနှင့် စာရင်းကိုင်ပညာဘာသာ ရပ်၊ စီမံခန့်ခွဲမှုပညာ ဘာသာရပ်များဖြစ်ပြီး အထောက်အကူပြု ဘာသာရပ်များအနေဖြင့် မြန်မာ ဘာသာ၊ အင်္ဂလိပ်၊ သင်္ချာ၊ သတင်း အချက်အလက် နှင့် ဆက်သွယ်ရေးနည်းပညာဘာသာရပ်၊ စီးပွား ရေးပထဝီဝင်ဘာသာရပ်၊ ဥပဒေပညာ ဘာသာရပ် တို့ ဖြစ်သည်။ သင်တန်းပြီးဆုံးချိန်တွင် စီးပွားရေး သိပ္ပံဘွဲ့များ ချီးမြှင့်လျက်ရှိရာ အောက်ဖော်ပြပါ



သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ များနှင့် တွေ့ဆုံစဉ်။

ဘွဲ့များ ပါဝင်ပါသည် -

(က) စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှုပညာ)
B.BSc (Social Enterprise Management)

(ခ) စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုပညာ)
B.BSc (Regional Development)

(ဂ) စီးပွားရေးသိပ္ပံဘွဲ့ (အသုံးချစာရင်း အင်းပညာ)
B.BSc (Applied Statistics)

(ဃ) စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာ)
B.BSc (Accounting and Finance)

(င) စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော် ဆောင်ရေးစီမံခန့်ခွဲမှုပညာ)
B.BSc (Marketing Management)

အဆိုပါဘွဲ့များကိုပင် ဘွဲ့လွန်ဒီပလိုမာများနှင့် မဟာဘွဲ့များ ထပ်မံပေးအပ်လျက် ရှိနေပါသည်။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) သို့ရောက်ရှိစဉ် ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက တက္ကသိုလ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာခွင့် ရခဲ့ပါသည်။

**လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေ**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား ကျောင်းသူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက် မြန်မာနိုင်ငံ လက်လီ ရောင်းချသူများအသင်းနှင့် ချိတ်ဆက်၍ Job Fair အခမ်းအနားများ နှစ်စဉ် ကျင်းပပြုလုပ်ပေးခြင်း၊ ယင်းအခမ်းအနားတွင် ပြင်ပစီးပွားရေးပညာရှင် များ၏ ဟောပြောပွဲများ ထည့်သွင်းပြုလုပ်ပေးခြင်း၊ လာရောက် ခင်းကျင်းပြသသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ကျောင်းသား ကျောင်းသူများကို ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ဝန်ကြီးဌာနအသီးသီးမှ ခေါ်ယူသည့် စီးပွားရေး ဆိုင်ရာဘွဲ့များနှင့် ပတ်သက်သည့် ဝင်ပေါက်ရာထူး နေရာများတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များမှ ဘွဲ့ရကျောင်းသား ကျောင်းသူများ အား ထည့်သွင်းခေါ်ယူနိုင်ရေးအတွက် ဝန်ကြီးဌာန အသီးသီးသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ မြန်မာ နိုင်ငံစာရင်းစစ်ကောင်စီမှ ဖွင့်လှစ်သော လက်မှတ်ရ ပြည်သူ့စာရင်းကိုင် CPA သင်တန်းများသို့ တက်ရောက်ခွင့်ရရေးကိုလည်း သက်ဆိုင်ရာသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယခုအခါ CPA သင်တန်း ဆင်းများစွာ ပေါ်ထွက်ခဲ့ပြီဖြစ်သည်။ ခြုံငုံတင်ပြ ရလျှင် သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (စစ်ကိုင်းနှင့် သန်လျင်) ဘွဲ့ရကျောင်းဆင်းများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုသည် ၈၀ ရာခိုင် နှုန်းကျော်အထိ ရှိခဲ့ကြောင်း သိရပါသည်။

**ဆောင်းဒါးနှင့် ယွန်းကောလိပ်**

မန္တလေးမြို့ အမရပူရတွင် တည်ရှိသော ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာ သိပ္ပံကို မေလ ၁၆ ရက်နေ့တွင် ရောက်ရှိခဲ့ပါသည်။ ယွန်း ပညာကောလိပ်(ပုဂံ)ကိုမူ မရောက်သေးပါ။ ရောက် ရန် ရည်ရွယ်ထားပြီး ဖြစ်ပါသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ၎င်း သင်တန်းကျောင်းများအကြောင်းကိုလည်း ထပ်မံ တင်ပြပါဦးမည်။ ။

## မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်

နေပြည်တော် မေ ၂၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် အောင်လံမြို့တွင် ၃၉ ဒီဂရီစင်တီ ဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၇ ဒသမ ၈၈ လက်မ၊ ရေးမြို့တွင် ၇ ဒသမ ၇၅ လက်မ၊ ဘားအံမြို့တွင် ၇ ဒသမ ၀၅ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၇၁ လက်မ၊ မော်လမြိုင် မြို့တွင် ၅ ဒသမ ၅၉ လက်မ၊ ကော့ကရိတ်မြို့တွင် ၅ ဒသမ ၃၁ လက်မ၊ မုဒုံမြို့တွင် ၅ ဒသမ ၂၈ လက်မ၊ ပိုင်ကျုံမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၈၈ လက်မနှင့် မြဝတီ မြို့တွင် ၄ ဒသမ ၈၄ လက်မတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်း မည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဖိုဗီနမ်အားကစားနည်းမှ ငွေတစ်ခု၊ ကြေးနှစ်ခု၊ သေနတ်ပစ်အားကစားနည်းမှ ငွေတစ်ခု၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေးနှစ်ခု၊ ဂျူဒိုအားကစားနည်းမှ ကြေးတစ်ခု၊ ကနူး/ကယက်လှေလှော်အားကစားနည်းမှ ကြေးနှစ်ခု၊ ဘိလိယက်နှင့်စနူကာအားကစားနည်းမှ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိ

**ဗီယက်နမ် မေ ၂၁**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိသည်။



ယနေ့ ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ Soc Son အားကစားရုံ၌ ဖိုဗီနမ်အားကစားနည်းမှ Male Single Weapon practice four element staff form (တုတ်ရှည်အပြ)ပွဲစဉ်၌ မောင်တင်ထူးဇော်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ Male Couple Weapon practice pair machete form (နှစ်ယောက်တွဲအပြ) ပွဲစဉ်၌ မောင်ရာဇာထွန်းနှင့် မောင်တင်ထူးဇော်တို့က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ (-၅၅) ကီလိုတန်း(အတိုက်) ပွဲစဉ်၌ မောင်ကျော်ကိုကိုက ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ သေနတ်ပစ်အားကစားနည်းမှ (၁၀)မီတာ Air Pistol Mixed Team ပွဲစဉ်၌ မောင်ရဲထွန်းနောင်နှင့် မချစ်စိုးနွယ်တို့က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသား (လေးယောက်တွဲ)ပွဲစဉ်၌**(အောက်ပုံ)** အမျိုးသားအသင်းက ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသမီး(လေးယောက်တွဲ)ပွဲစဉ်၌ အမျိုးသမီးအသင်းက ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ဂျူဒိုအားကစားနည်းမှ (-၄၅) ကီလိုတန်းပွဲစဉ်၌ မစဲလ်ဝိုးက ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ကနူး/ကယက်လှေလှော် အားကစားနည်းမှ အမျိုးသမီး မီတာ(၂၀၀) ကနူးတစ်ဦးချင်းပွဲစဉ်၌ မသက်ဖြိုးနိုင်က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ(၂၀၀) ကနူးလေးယောက်လှော်ပွဲစဉ်၌ မသက်ဖြိုးနိုင်၊ မစုဝေဖြိုး၊ မမြင့်မြင့်စိုးနှင့် မမိုးမမတို့က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ဘိလိယက်နှင့် စနူကာအားကစားနည်းမှ Men Snooker Single ပွဲစဉ်၌ မောင်အောင်ဖြိုးက ကြေးတံဆိပ်ဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ဟန္နိုင်းမြို့ရှိ Hoang Mai Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ မွန်းတွင် Hoai Duc Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဂျူဒိုအားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုများကို လည်းကောင်း၊ Hanoi National Sport Training Centre အားကစားရုံ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားပြိုင်ပွဲမှ ဆုရရှိခဲ့သည့် အားကစားသမားများကို ဆုများပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Ha Long City ရှိ Cam Pha Stadium ၌ ကျင်းပလျက်ရှိသည့် အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲ မြန်မာအသင်း ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပွဲစဉ်များအဖြစ် သေနတ်ပစ်၊ စစ်တုရင်၊ ဘိလိယက်၊ ကနူးလှေလှော်၊ ပိုက်ကျော်ခြင်း၊ E-sports၊ အမျိုးသမီးဘောလုံး၊ ဂျူဒို၊ အလေးမ၊ ဖိုဗီနမ်၊ လက်ဝှေ့အားကစားပြိုင်ပွဲများကို မြန်မာအားကစားအဖွဲ့များမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မေ ၂၂ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သေနတ်ပစ်၊ အလေးမ၊ ဂျူဒို၊ ဖိုဗီနမ်၊ လက်ဝှေ့ အားကစားနည်းများကို ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်သည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ် ၁၇ ခုနှင့် ကြေးတံဆိပ် ၃၄ ခုတို့ ဆွတ်ခူးရရှိထားပြီး စုစုပေါင်းဆုတံဆိပ် ၅၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ မြန်မာရှုံးနိမ့်

**ရန်ကုန် မေ ၂၁**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပနေသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၂၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

တတိယနေရာ လုပွဲတွင် ဖိလစ်ပိုင်အသင်းက မြန်မာအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် မိနစ် ၇၀ ကျော်အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်သည့်အပြင် အဓိက တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း ဒဏ်ရာရသွားသဖြင့် တိုက်စစ်အားပျော့ပြီး အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပထမပိုင်းတွင် မြန်မာအသင်း ကစားပုံ ပိုကောင်းကာ ဂိုးသွင်းခွင့်များရခဲ့ပြီး ၂၄ မိနစ်တွင် ရရှိသည့် ပယ်နယ်တီမှတစ်ဆင့် ဝင်းသိင်္ဂီထွန်းက ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ သို့သော် မြန်မာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည့် ဝင်းသိင်္ဂီထွန်းသည် ဒဏ်ရာရသွားသဖြင့် လူစားလဲရကာ မြန်မာအသင်း တိုက်စစ်အားပျော့သွားခဲ့ရသည်။ ၇၃ မိနစ်တွင် ဘိုဒန်က ဖိလစ်ပိုင်အတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး လေးမိနစ်အကြာတွင် ကွီဇာဒါက အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း အရှုံးရလဒ်ဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဗိုလ်လုပွဲအဖြစ် အိမ်ရှင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားရာ ဗီယက်နမ် အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဗီယက်နမ်အသင်းသည် ရွှေတံဆိပ်ဆုကို ခုနစ်ကြိမ်မြောက် ရယူနိုင်ခဲ့ပြီး နောက်ဆုံးသုံးကြိမ်ဆက်တိုက် ရရှိခဲ့ခြင်းလည်းဖြစ်သည်။ ဗီယက်နမ်အသင်းအတွက် အနိုင်ဂိုးကို ၅၉ မိနစ် ဟူရင်ညျူက သွင်းယူပေးခဲ့သည်။

**ရဲရင့်လွင်**

## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၂၁ - ၅ - ၂၀၂၂

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၁၇၃ | ၁၀၃ | ၁၀၄ | ၃၈၀ |
| ၂ | ထိုင်း | ၇၅ | ၈၆ | ၁၁၈ | ၂၇၉ |
| ၃ | အင်ဒိုနီးရှား | ၅၉ | ၈၀ | ၇၄ | ၂၁၃ |
| ၄ | ဖိလစ်ပိုင် | ၄၇ | ၆၅ | ၁၀၀ | ၂၁၂ |
| ၅ | စင်ကာပူ | ၄၇ | ၄၄ | ၆၆ | ၁၅၇ |
| ၆ | မလေးရှား | ၃၇ | ၄၀ | ၈၁ | ၁၅၈ |
| ၇ | မြန်မာ | ၈ | ၁၇ | ၃၄ | ၅၉ |
| ၈ | ကမ္ဘောဒီးယား | ၈ | ၁၀ | ၂၈ | ၄၆ |
| ၉ | လာအို | ၂ | ၇ | ၂၅ | ၃၄ |
| ၁၀ | ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၂ | ၁ | ၃ |

## ဆီးဂိမ်း စနူကာတစ်ဦးချင်းပြိုင်ပွဲတွင် အောင်ဖြိုး ပူးတွဲတတိယဆုရရှိ

**ရန်ကုန် မေ ၂၁**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းစနူကာတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာစနူကာကစားသမား အောင်ဖြိုးသည် ရှုံးပွဲကြုံတွေ့ပြီး ပူးတွဲကြေးတံဆိပ်ရရှိခဲ့သည်။

အောင်ဖြိုးသည် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ထိုင်းကစားသမား ဂျိမ်းဝါတာနာနှင့် ယှဉ်ပြိုင်ကစားရာ ၄-၁ ပွဲဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဂျိမ်းဝါတာနာသည် ပထမပွဲငယ်တွင် ၆၉-၄၂ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၁၃-၉ မှတ်ဖြင့် အနိုင်ရခဲ့ပြီး တတိယပွဲငယ်တွင် အောင်ဖြိုးက ၉၀-၁ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ သို့သော် ဂျိမ်းဝါတာနာသည် စတုတ္ထပွဲငယ်တွင် ၁၀၇-၀ မှတ်၊ ပဉ္စမပွဲငယ်တွင် ၆၇-၆၁ မှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲ တက်ရောက်သွားခြင်းဖြစ်သည်။ အောင်ဖြိုးသည် ၁၆ ဦး ရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရပြီး ၁၆ ဦးအဆင့်တွင် ဖိလစ်ပိုင်နိုင်ငံသား ရိုဒါကို ၄-၂ ပွဲ၊ ကွာတားဖိုင်နယ်တွင် လာအိုနိုင်ငံသား ဆူရီရာကို ၄-၂ ပွဲဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် ထိုင်းနှင့် မလေးရှားကစားသမား ယှဉ်ပြိုင်ရမည်ဖြစ်သည်။ စနူကာတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ယှဉ်ပြိုင်ခဲ့ရာ အောင်ဖြိုးက ပူးတွဲတတိယရရှိပြီး ဝင်းကိုကိုက ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည်။ ဝင်းကိုကိုမှာမူ ၁၆ ဦးအဆင့်တွင် ကမ္ဘောဒီးယားနိုင်ငံသား ချာပေးကို ၄-၂ ပွဲဖြင့် အနိုင်ရသော်လည်း ကွာတားဖိုင်နယ်တွင် ထိုင်းကစားသမား ဆူဝမ်နာဝပ်ကို ၄-၁ ပွဲဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့သည် ဘိလိယက်အားကစားနည်းတွင်ပါဝင်သည့် ဘိလိယက်၊ စနူကာနှင့် Pool ပွဲစဉ် ခြောက်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ရရှိခဲ့သည်။ မြန်မာဘိလိယက်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ပေါက်စက ရယူပေးခဲ့သည်။

**ရဲရင့်လွင်**

# ကယားပြည်နယ်အစိုးရအဖွဲ့ကဦးဆောင်၍ လွိုင်ကော်မြို့ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**လွိုင်ကော် မေ ၂၁**
ကယားပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းအကျိုးတော်ဆောင်များ စုပေါင်း၍ ကျောင်းအဆောက်အအုံ ပြင်ဆင်ရေးလုပ်ငန်းများနှင့်စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**ကျောင်းအဆောက်အဦ ဥပမိရှပ်ကောင်းမွန်ရေး**

ထိုသို့ပြုလုပ်ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဦးဆောင်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျောင်းဝင်းအတွင်းတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုများ၊ ကျောင်းအဆောက်အဦ ဥပမိရှပ်ကောင်းမွန်စေရေး ပြုပြင်နေမှုများနှင့် စာသင်ခန်းများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။



ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုစဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာကျောင်းများအားလုံးတွင် မေ ၂၆ ရက်မှ စတင် ကျောင်းအပ်နှံနိုင်ပြီး ဇွန် ၁ ရက်တွင် ကျောင်းစတင်ဖွင့်လှစ်မည်ဖြစ်၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ စာသင်ခန်းများနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာ ထားရှိနိုင်ရေးတို့အတွက် ဆရာ ဆရာမများက သက်ဆိုင်သည့် ဌာနများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားကြရန် စာသင်ခန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားသည်။

**စုပေါင်းသန့်ရှင်းရေးပြုလုပ်**

အလားတူ ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မေ ၁၇ ရက်ကလည်း လွိုင်ကော်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတို့၌ စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် မေ ၂၁**
မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှပါသည်။ မိမိတို့ တစ်ဦးချင်း နေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှ သာလျှင် သန့်ရှင်းသာယာလှပသောမြို့၊ ရွာ Clean city ၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အပါအဝင် မြို့နယ်ငါးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အပါအဝင် မြို့နယ်ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အပါအဝင် မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့နယ် အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ် တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိ မြို့နယ် ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၃ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ဟုမ္မလင်းမြို့၊ ခန္တီးမြို့နှင့် ကလေးမြို့၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဌာနဆိုင်ရာအဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရတနာပုံတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

**မန္တလေး မေ ၂၁**
ရတနာပုံတက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ် (နေ့သင်တန်း)တွင် တက်ရောက်ပညာသင်ကြားကြမည့် မောင်မယ်သစ်လွင်များအား ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်



ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ မော်ကွန်းထိန်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်ပြီး သက်ဆိုင်ရာ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များက သင်ကြားပို့ချမှုများကို အသီးသီး မိတ်ဆက်ရှင်းလင်းကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ရတနာပုံတက္ကသိုလ် ပြတိုက်နှင့် စာကြည့်တိုက်တို့ကို လှည့်လည်လေ့လာကြည့်ရှုကြပြီး တက်ရောက်လာသည့် မောင်မယ်သစ်လွင်များအား အကျွေးမွေးဖြင့် ဧည့်ခံခြင်း၊ အကအလှများ၊ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

ရတနာပုံ တက္ကသိုလ်တွင် မြန်မာစာ၊ မြန်မာမှု၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်း သုတေသနပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ၊ နျူကလိယရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ စာကြည့်တိုက်နှင့် သုတပညာ၊ စီးပွားရေးပညာ၊ ကွန်ပျူတာသိပ္ပံပညာ၊ အားကစားပညာ အစရှိသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

# အချက်ပေး ခေါင်းလောင်းသံ

ကောင်းအောင်

ဝေးခြင်း နီးခြင်းဆိုသည်မှာ ပညတ်ချက်တစ်ခုသာဖြစ်ပြီး ကာယကံရှင်၏ခံယူမှုအပေါ်တွင်သာ မူတည်သည်ဟု ဆိုချင်ပါသည်။ တစ်ခါတစ်ရံ ဝေးနေသော်လည်း ကိုယ်နှင့် နီးနီးလေးလို ဖြစ်နေတတ်ပြီး တစ်ခါတလေ ကိုယ်နှင့် နီးနီးကလေးရှိသော်လည်း ဝေးနေသလိုဖြစ်နေတာမျိုးလည်း ကြုံရတတ်သည်။ ယခုအခါ အဝေးတစ်နေရာတွင် ခေါင်းလောင်းသံတစ်ခု ထွက်ပေါ်နေပါသည်။ ထိုခေါင်းလောင်းသံသည် နာပျော်ဖွယ် ရိုးရိုးခေါင်းလောင်းသံ မဟုတ်ဘဲ အရေးကြီးသည့် အချက်ပေး ခေါင်းလောင်းသံဖြစ်ပါသည်။ အဝေးကဆိုသော်လည်း သေချာစွာ နားစိုက်ထောင်ကြည့်ပါက ထိုအချက်ပေးခေါင်းလောင်းသံကို ပီသစွာ ကြားနိုင်မည်ဖြစ်သည်။ သတိမမူသူ အဖို့တော့ ထိုခေါင်းလောင်းသံကို ကြားလိမ့်မည်မဟုတ်ပေ။

## အချက်ပေးခေါင်းလောင်းသံ သို့မဟုတ် သတိမူရမည့်သတင်း

တစ်နည်းအားဖြင့် ကမ္ဘာကြီးကို တစ္ဆေတစ်ကောင်လို ခြောက်လှန့်ခဲ့သော Pandemic ၏ တစ်ကျော့ပြန် ခြေသံလည်းဖြစ်သည်။ ထိုသတင်းသည်ကား ကမ္ဘာ့နိုင်ငံအချို့တွင် အိုမီခရွန်၏ ဗိုင်းရပ်စ်မျိုးကွဲဖြစ်သော BA.4 နှင့် BA.5 တို့ စတင်ပျံ့နှံ့လာနေခြင်းပင်ဖြစ်သည်။ မေလ ၁၇ ရက်နေ့က တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေး ဗဟိုစင်တာ CDC က တောင်အာဖရိကဘက်မှ ဝင်လာသည့် ခရီးသွားတစ်ဦးတွင် BA.4 မျိုးကွဲကူးစက်ထားကြောင်းနှင့် BA.5 ကူးစက်ထားသူနှစ်ဦးလည်း ရှိနေသည်ဟု ထုတ်ပြန်ကြောင်း KBS World News က ရေးသားသည်။ မျိုးကွဲနှစ်ခုစလုံးသည် ကူးစက်မှုမြင့်မားသော်လည်း လက္ခဏာပြင်းထန်မှုက မူရင်းအိုမီခရွန်မျိုးကွဲနှင့် ကြီးကြီးမားမား ကွာခြားခြင်းမရှိဟု သိရသည်။ ယခုအခါ တောင်ကိုရီးယားနိုင်ငံတွင် BA.2.12.1 ကူးစက်ထားသူ ၁၃ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ထိုမျိုးကွဲ ကူးစက်ခံရသူ စုစုပေါင်း ၁၉ ဦးအထိရှိလာခဲ့ပြီဖြစ်သည်။ ထပ်တိုး ၁၃ ဦးအနက် နှစ်ဦးမှာ ပြည်တွင်း၌ ကူးစက်ခံရသူဖြစ်သည်။ ထို့ပြင် အိုမီခရွန်ဟုခေါ်သည့် ပေါင်းစပ်မျိုးကွဲ ကူးစက်ခံရသူနှစ်ဦးလည်း ထပ်မံတွေ့ထားပြီး XQ၊ XE၊ XM စသည့် ပေါင်းစပ်မျိုးကွဲ ကူးစက်ခံထားရသူ စုစုပေါင်း ရှစ်ဦးရှိလာပြီဟု သတင်းရေးထားသည်။

တောင်ကိုရီးယားမှ အိုမီခရွန်၏ ဗိုင်းရပ်စ်မျိုးကွဲအကြောင်းကိုဖတ်ပြီး ငါတို့နိုင်ငံနှင့် ဝေးသေးတာပဲဟု စိတ်ကိုဖော့၍ တွေးလို့မှ မဆုံးသေးခင် စင်ကာပူသတင်းတစ်ပုဒ်က ခေါင်းထောင်ထလာသည်။ စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများအထဲမှ သုံးဦးတွင် အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 နှစ်မျိုး ပထမဆုံးတွေ့ရှိကြောင်း စင်ကာပူကျန်းမာရေးဌာနက ထုတ်ပြန်လာသည့် သတင်းပင်ဖြစ်သည်။ မိမိတို့နိုင်ငံနှင့် တဖြည်းဖြည်းနီးကပ်လာနေသော အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 တို့ကို သည်တစ်ခါတော့ ဖော့တွေး၍ မဖြစ်တော့။ သို့နှင့် ယင်းမျိုးကွဲ ဗိုင်းရပ်စ်များအကြောင်းကို WHO က ဘာပြောလဲဟု သိချင်လာမိသည်။ WHO ၏ သုံးသပ်ချက်သည် အရေးမပါသော သုံးသပ်ချက်သာဖြစ်ပါစေဟုလည်း စိတ်ထဲကနေ တိတ်တခိုး ဆုတောင်းနေမိသည်။ သို့သော် ...။



စင်ကာပူတွင် မေ ၁၇ ရက်က အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 တို့ကို တွေ့ရပြီးနောက် နှာခေါင်းစည်းတပ်၍ သွားလာနေကြသူများ။

> **“ တောင်ကိုရီးယားမှ အိုမီခရွန်၏ ဗိုင်းရပ်စ်မျိုးကွဲအကြောင်းကိုဖတ်ပြီး ငါတို့နိုင်ငံနှင့် ဝေးသေးတာပဲဟု စိတ်ကိုဖော့၍ တွေးလို့မှ မဆုံးသေးခင် စင်ကာပူသတင်းတစ်ပုဒ်က ခေါင်းထောင်ထလာသည်။ စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများအထဲမှ သုံးဦးတွင် အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 နှစ်မျိုး ပထမဆုံးတွေ့ရှိကြောင်း စင်ကာပူကျန်းမာရေးဌာနက ထုတ်ပြန်လာသည့် သတင်းပင် ဖြစ်သည်။ မိမိတို့နိုင်ငံနှင့် တဖြည်းဖြည်းနီးကပ်လာနေသော အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 တို့ကို သည်တစ်ခါတော့ ဖော့တွေး၍ မဖြစ်တော့။ သို့နှင့် ယင်းမျိုးကွဲ ဗိုင်းရပ်စ်များအကြောင်းကို WHO က ဘာပြောလဲဟု သိချင်လာမိသည်။ WHO ၏ သုံးသပ်ချက်သည် အရေးမပါသော သုံးသပ်ချက်သာ ဖြစ်ပါစေဟုလည်း စိတ်ထဲကနေ တိတ်တခိုး ဆုတောင်းနေမိသည်။ သို့သော် ...”**

## အနာဂတ်အတွက်စိုးရိမ်ရသော ကိုဗစ်ရောဂါမျိုးကွဲ

ကိုဗစ်ရောဂါကိုဖြစ်စေသည့် ဗိုင်းရပ်စ်မျိုးကွဲများ အသစ်ထပ်မံထွက်ပေါ်နေပြီး အိုမီခရွန်မျိုးကွဲများ ဖြစ်သည့် BA.4 နှင့် BA.5 အမျိုးအစားများသည် စိုးရိမ်စရာမျိုးကွဲများဖြစ်ကာ ကိုယ်ခံစွမ်းအားစနစ်ပေါ်မူတည်၍ သေဆုံးနိုင်ခြေနှင့် ရောဂါပြင်းထန်စွာ ကုသနိုင်ရသည့် အခြေအနေ ရှိလာနိုင်သဖြင့် အနာဂတ်အတွက်စိုးရိမ်ရသော ကိုဗစ်ရောဂါမျိုးကွဲများဖြစ်သည်ဟု WHO က အသိပေးပြောကြားထားသည်။ ထို့ပြင် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ခုနှစ် ကာလများအတွင်း ကမ္ဘာ့နိုင်ငံအနှံ့၌ ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်ပြီး သေဆုံးသူပေါင်း ၁၅သန်းခန့်ရှိသည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ယခုလအတွင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အလားတူ ကိုဗစ်ကပ်ရောဂါ ထိန်းချုပ်ရေးသည် လက်ရှိအခြေအနေတွင် ခက်ခဲနေဆဲဖြစ်ကာ ကမ္ဘာတစ်ဝန်းတွင်လည်း ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် အဓိကကျသည့် သုတေသနစမ်းသပ်မှုများ ကျဆင်းနေသည်ဟု သိရသည်။ ကိုဗစ်ကူးစက်မှုကို လျှော့ချရန်နှင့် စောင့်ကြည့်စစ်ဆေးရန်အတွက် သုတေသနများ ပိုမိုလုပ်ဆောင်ရန် လိုအပ်နေသေးကြောင်းကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။ အစောပိုင်းကမူ ကမ္ဘာ့နိုင်ငံအသီးသီး၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းလာခြင်းသည် ရောဂါကင်းစင်ခြင်းမဟုတ်ဘဲ အခိုက်အတန့်သာ မေးမိုန်နေခြင်းသဘောဖြစ်၍ မပေါ့ဆကြရန် WHO က သတိပေးထားခဲ့သေးသည်။

## ဟိုမှာ..သည်မှာ ကိုဗစ်ရောဂါ

ထိုသို့ သတိပေးမှုအပြီး မရှေးမနှောင်းမှာပင် မြောက်ကိုရီးယားနိုင်ငံ၌ ဧပြီလကုန်အတွင်းက ဖျားနာသူ ၁ ဒသမ ၇ သန်းကျော် ရှိခဲ့ပြီး မေ ၁၈ ရက်တွင် ဖျားနာသူ ၂ သိန်း ၃ သောင်းကျော် ရှိကြောင်း KCNA သတင်းဌာနက ထုတ်ပြန်သည်။ မြောက်ကိုရီးယားတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါနှင့်သေဆုံးသူ ၆၂ ဦးရှိပြီဖြစ်သည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ရှန်ဟိုင်းမြို့တွင် ကိုဗစ်ကင်းစင်ပြီဟု အာဏာပိုင်များက ကြေညာလိုက်သော်လည်း မြို့နေလူဦးရေ ၂၅ သန်းမှာ စည်းကမ်းတင်းကျပ်မှုများအောက်တွင် ကျရောက်နေဆဲဖြစ်ကာ လူဦးရေ လေးသန်းနီးပါးမှာ တင်းကျပ်သည့် လော့ခ်ဒေါင်းစည်းမျဉ်းများနှင့် အတူတကွ နေထိုင်နေရဆဲဖြစ်သည်။ အလားတူ မြို့တော်ပေကျင်းတွင်လည်း ရောဂါကူးစက်မှုများ မြင့်တက်လာပြီးနောက်ပိုင်း လူအများအပြား နေအိမ်မှ အလုပ်လုပ်နေရဆဲဖြစ်ကာ နေ့စဉ် ကျန်းမာရေး စစ်ဆေးမှုများကို ခံယူနေကြရသည်။

အိုမီခရွန်မျိုးကွဲ BA.4 နှင့်BA.5 နှစ်မျိုးကို အမေရိကန်ပြည်ထောင်စုတွင် စတင်ခြေရာခံမိခဲ့ပြီး တောင်အာဖရိကတွင် အစောဆုံးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ တောင်အာဖရိကတွင် တစ်ရက်တည်းမှာပင် ကိုဗစ်ကူးစက်မှု ၄၀၀၀ နီးပါး တွေ့ရသည်။ မူလအိုမီခရွန်မျိုးကွဲ BA.1 နှင့် BA.2 တို့သည် ရောဂါမပြင်းထန်သော်လည်း ယခု အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 တို့မှာ ပိုမိုကူးစက်နိုင်စေသော Spike Protein တွင် ဗီဇပြောင်းလဲမှုများ ပါရှိသည့်အပြင် စိုးရိမ်ရသည့်မျိုးကွဲများဖြစ်သည်။

## ကြိုတင်ကာကွယ် အန္တရာယ်

ကမ္ဘာ့ကျန်းမာရေးပညာရှင်များ၏ သုံးသပ်ချက်အရ အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 တို့ကို တုံ့ပြန်ရန်မှာ ခုခံကာကွယ်ဆေး ထိုးနှံထားခြင်းပင် ဖြစ်သည်။ ယင်းကဲ့သို့ ထိုးနှံထားခြင်းသည် ကူးစက်မှုကို မကာကွယ်သော်လည်း ပြင်းထန်သောရောဂါလက္ခဏာနှင့် ခံစားရမှုတို့ကိုမူ ခုခံနိုင်စွမ်းရှိသည်။ ဒုတိယအချက်က နှာခေါင်းစည်းကို စနစ်တကျတပ်ရန်ဖြစ်သည်။ အများပြည်သူတွေနှင့်ဆိုင်သည့် နေရာမျိုးသို့ သွားမည်ဆိုပါက သုံးလွှာပါသည့် တစ်ခါသုံးနှာခေါင်းစည်းနှင့် N95 နှာခေါင်းစည်းများတပ်ရန်လိုပါသည်။ သုတေသီများ၏အဆိုအရ N95 နှာခေါင်းစည်းသည် အမှုန်အမွှားများကို ၉၉ ရာခိုင်နှုန်းအထိ နှာခေါင်းနှင့်ပါးစပ်ထဲ မဝင်အောင် တားဆီးပေးနိုင်သည်ဟု ဆိုသည်။

မိမိတို့နိုင်ငံသားများသည် အကြောက်တရားအားနည်းသည်လား၊ ဗဟုသုတ ခေါင်းပါးသည်လားတော့ မပြောတတ်။ ယခုအခါ အများသုံးဘတ်စ်ကားပေါ်တွင် လူ ၁၀ ယောက်လျှင် ခြောက်ယောက်လောက်က နှာခေါင်းစည်းမတပ်ကြတော့။ ကာကွယ်ဆေးကိုလည်း လူတိုင်းစေ့ ၁၀၀ ရာခိုင်နှုန်း မထိုးနှံကြ။ ထိုးနှံထားသူများကလည်း ကျန်းမာရေးဌာန၏ ညွှန်ကြားမှုများကို အပြည့်အဝ မလိုက်နာဘဲ အချိန်မီ အကြိမ်ပြည့် ကာကွယ်ဆေးထိုးခြင်းမျိုး မဟုတ်ဘဲ ထိုးချင်သည့် အချိန်တွင် ထိုးချင်သလို ထိုးနေကြသည်။ တချို့ တစ်ကြိမ်သာထိုးပြီး ဒုတိယအကြိမ် မထိုးရသေး။ တချို့ ဒုတိယအကြိမ်အထိပဲ ထိုးပြီး တတိယအကြိမ်ထိုးရမည့် အားဖြည့်ကာကွယ်ဆေးကို မထိုးကြတော့ပြန်။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုတာလို မြန်မာနိုင်ငံအပေါ် ကိုဗစ်တတိယလှိုင်း၏ ရိုက်ခတ်မှုကို ပြန်အမှတ်ရစေချင်သည်။ မကြာသေးသော ရင်နာစရာ ထိုအဖြစ်အပျက်များကို ပြန်မြင် ပြန်ခံစားပြီး အသိ၊ သတိရှိစေချင်ပါသည်။

## မခေါ်ဘဲ လာမယ့်ဧည့်သည်

ကိုဗစ်ဗိုင်းရပ်စ် ကြောက်သော ပူပြင်းခြောက်သွေ့သည့် နွေရာသီကား ကုန်ဆုံးတော့မည်ဖြစ်သည်။ မကြာမီ မိုးရာသီအတွင်းသို့ ချင်းနင်းဝင်ရောက်ပေတော့မည်။ ထို မိုးရာသီနှင့်အတူ လာနေကျ တုပ်ကွေးဖြစ်စဉ်ကလည်း မိမိတို့ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါဦးမည်။ ထို တုပ်ကွေးရာသီကို ကိုဗစ်ဗိုင်းရပ်စ်များကလည်း အလွန်ကြိုက်သော သဘာဝရှိပါသည်။

“ WHO က ဒီနှစ်အတွက် တုပ်ကွေးကာကွယ်ဆေး ပိုထိုးသင့်တယ် အကြံပြုထားပါတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံတော်တော်များများက ခရီးသွားလာခွင့်ကို ပြန်ဖွင့်လိုက်တော့ တုပ်ကွေးပျံ့နှံ့မှုနှုန်း အရင်နှစ်ကထက် ပိုများနိုင်ခြေရှိလို့ပါပဲ။ Twindemic လို့ခေါ်တဲ့ တုပ်ကွေးရယ်၊ ကိုဗစ်ရယ် နှစ်မျိုးပေါင်းပျံ့နှံ့နိုင်ခြေရှိပါတယ်။ အထူးသဖြင့် သက်ကြီးရွယ်အိုနဲ့ ရောဂါအခံရှိသူတွေအတွက် ပိုအရေးကြီးပါတယ်” ဟု ဝိချိုင်ဝေ့ဆေးရုံ(မြန်မာပြည်ရုံးချုပ်) တာဝန်ကျဆရာဝန်တစ်ဦးက ပြောသည်။

ယခုအခါ နိုင်ငံတော်ကလည်း ပြည်ပခရီးသွားများကို ပြည်ဝင်ခွင့်များပေး၍ စတင်ဖိတ်ခေါ်နေပါသည်။ ကိုဗစ်စည်းကမ်းနှင့်အညီ ဆိုသော်လည်း တရားမဝင် ဝင်ရောက်လာသူများလည်း ရှိနိုင်သေးသဖြင့် မပြေးသော် ကန်ရာရှိဆိုသလို ထိုအထဲက ပိုးသယ်ဆောင်လာသူ ဘယ်နှယောက် လွတ်ထွက်ကာ

စာမျက်နှာ ၁၂ သို့

● *ကျောဖုံးမှ*

ငွေသိမ်းယာဉ်ပေါ်မှ ပီနံအိတ်လေးလုံးဖြင့် ထည့်ထားသည့် ငွေကျပ်သိန်း ၃၀၀၀ အား လုယက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့်လှစ်ကာ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ လုယက်မှုကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းပြီး တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်သတင်းပေးမှုအပေါ် အခြေခံ၍ ပေါင်းစပ်ညှိနှိုင်း စုံစမ်းဖော်ထုတ်ခဲ့ရာ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် YGN 5H/4572 Probox အမျိုးအစား မော်တော်ယာဉ်အား စုံစမ်းရှာဖွေခဲ့ရာတွင် အခင်းဖြစ်စဉ်က အဆိုပါမော်တော်ယာဉ်အား AYY CC–4512 နံပါတ်ပြားမှ YGN 5H/4572 နံပါတ်ပြားသို့ ပြောင်းလဲတပ်ဆင် အသုံးပြု၍ လုယက်မှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် အဆိုပါ AYY CC–4512 Probox ယာဉ်နှင့် ယာဉ်ပိုင်ရှင်ဖြစ်သူတို့အား ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့သည်။

ယာဉ်ပိုင်ရှင်ဖြစ်သူ၏ ထွက်ဆိုချက်အရ AYY CC–4512 Probox မော်တော်ယာဉ်အား ၎င်း၏သူငယ်ချင်းဖြစ်သူ ခရမ်းမြို့နယ် အမှတ်(၃)ရပ်ကွက် (၃)လမ်း အမှတ် ၂၁၁နေ ဝေလင်းထွန်း(ခ)ကိုထွန်း(၃၀နှစ်) (ဘ) ဦးတင်အောင်အား မေ ၁၃ ရက်က ငှားရမ်းခဲ့ကြောင်း သိရှိရသဖြင့် ဝေလင်းထွန်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းရှိ “The Lord” စားသောက်ဆိုင်အနီးတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဝေလင်းထွန်း(ခ)ကိုထွန်းအား စစ်ဆေးဖော်ထုတ်ချက်အရ ကမ္ဘောဇဘဏ် ငွေသိမ်းယာဉ်ပေါ်မှ ငွေများအား သူငယ်ချင်းများနှင့်အတူ လုယက်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့ပြီး လုယက်မှုကျူးလွန်သည့်နေ့တွင် ၎င်း၏ သူငယ်ချင်းများဖြစ်ကြသည့် ဇင်ကိုကိုဦး(ခ)ဇင်ကို၊ ထွဋ်ခေါင်မင်း(ခ)ထက်လင်းကျော်၊ ဇွဲပြည့်စုံမှူး(ခ)ဇွဲကြီးတို့နှင့်အတူ ပါဝင်ကျူးလွန်ခဲ့ကြကြောင်း၊ လုယက်ရာမှ ရရှိလာသည့် ငွေများအား တစ်ဦးလျှင် ငွေကျပ်သိန်း ၇၀၀ စီ ခွဲဝေယူဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်၍ ဝေလင်းထွန်း(ခ)ကိုထွန်း၏ ထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၇)ရပ်ကွက် ကောလင်းလမ်း အမှတ်(၁၂၄၂)နေ ထွဋ်ခေါင်မင်း(ခ)ထက်လင်းကျော်(၂၃နှစ်) (ဘ) ဦးဝင်းနိုင်ကျော်အား သဃ်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းရှိ “ရတနာ”ဟိုတယ်၌ ယင်းနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ဖမ်းဆီးရမိခဲ့သည်။

ထွဋ်ခေါင်မင်း(ခ)ထက်လင်းကျော်၏ ထွက်ဆိုချက်အရ သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၁) ရပ်ကွက် ရတနာလမ်းရှိ “ရတနာ” ဟိုတယ်သို့ လုယက်မှုကျူးလွန်ရာတွင် ဦးဆောင်ပါဝင်သူ ဇင်ကိုကိုဦး(ခ)ဇင်ကို လာရောက်မည်ဖြစ်ကြောင်း သိရှိရသဖြင့် သွားရောက်စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ အဆိုပါ “ရတနာ”ဟိုတယ်ရှေ့၌ ယင်းနေ့ ည ၆ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၇)ရပ်ကွက် ဗိုလ်ခန့်(၃) လမ်း အမှတ်(၃၃၅/က)နေ ဇင်ကိုကိုဦး(ခ)ဇင်ကို(၂၇နှစ်) (ဘ) ဦးဇော်ဦးနှင့် လုယက်မှုကျူးလွန်ရာမှရရှိသည့် သက်သေခံငွေများအား သိမ်းဆည်းပေးသူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက် ဗေဒါ(၂)လမ်း အမှတ်(၇၅၈/ခ)နေ သိန်းဇော်ဦး(ခ)သားငယ်(၂၄နှစ်) (ဘ)ဦးကြည်လှတို့နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့နောက် လုယက်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့ပြီး တိမ်းရှောင်လျက်ရှိသည့် လှည်းကူးမြို့ လှည်းကူးရိပ်သာရပ်ကွက် တိုးချဲ့(၄)လမ်း အမှတ်(မရှိ)နေ ဇွဲကြီး(ခ) ဇွဲပြည့်စုံမှူး (၂၇နှစ်) (ဘ) ဦးမောင်မောင်ကျော်အား ဖမ်းဆီးရမိနိုင်ရေး အပူတပြင်းလိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ၎င်းအား မေ ၂၁ ရက် နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး အရှေ့ မေဓာဝီလမ်းနှင့် ခေမာသီလမ်းဆုံ၌ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ငွေများအနက်မှ ငွေကျပ် ၅၁၀၀၀၀ ဖြင့် ဝယ်ယူထားသည့် Redmi Note 11 ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ကမ္ဘောဇဘဏ်အား လုယက်မှုကျူးလွန်ပြီး ခွဲဝေရရှိခဲ့သည့် ငွေများအား ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၃)ရပ်ကွက် စိုက်ပျိုးရေး (၄)လမ်း အမှတ်(၆၉၃)နေ ၎င်း၏သူငယ်ချင်းဖြစ်သူ နှင်းဝေဝေဖူး(ခ)ဖူးဖူး (၂၇နှစ်) (ဘ) ဦးကိုကိုအောင်ထံ အပ်နှံကာ ၎င်းတို့နှစ်ဦး အတူတူသုံးစွဲကြောင်း သိရှိရသဖြင့် နှင်းဝေဝေဖူး၏နေအိမ်အား ဆက်လက်သွားရောက်ရှာဖွေခဲ့ရာ ၎င်းအား ၎င်း၏နေအိမ်အတွင်းမှ ငွေကျပ် ၃၂၂ သိန်းနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိသူ တရားခံများ၏ထွက်ဆိုချက်များအရ လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ငွေနှင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဝေလင်းထွန်း(ခ) ကိုထွန်းမှ ၎င်းခွဲဝေရရှိထားသည့် ငွေကျပ်သိန်း ၇၀၀ အနက်မှ ငွေကျပ် ၅၄၈ သိန်းနှင့် လုယက်မှုကျူးလွန်ရာမှရရှိသည့် ငွေကျပ် ၅၅ သိန်းဖြင့် ဝယ်ယူထားသည့် 82W–40613 Honda PCX ဆိုင်ကယ်တစ်စီးကို ၎င်း၏နေအိမ်မှ လည်းကောင်း၊ ဇင်ကိုကိုဦး(ခ) ဇင်ကိုနှင့် ထွဋ်ခေါင်မင်း(ခ) ထက်လင်းကျော်တို့နှစ်ဦးမှ သိန်းဇော်ဦး(ခ)သားငယ်ထံ အပ်နှံထားသည့် ငွေကျပ်သိန်း ၃၄၀ ကို သိန်းဇော်ဦး(ခ)သားငယ်၏နေအိမ်မှ လည်းကောင်း၊ ထွဋ်ခေါင်မင်း(ခ)ထက်လင်းကျော်၏ နေအိမ်မှ ငွေကျပ်သိန်း ၄၇၀ ကို လည်းကောင်း၊ ဇင်ကိုကိုဦး(ခ)ဇင်ကို၏နေအိမ်မှ ငွေကျပ်သိန်း ၅၃၀ နှင့် လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကျပ် ၁၃၂၈၀၀၀ ဖြင့် ဝယ်ယူထားသည့် Xiaomi 110 အမျိုးအစား အပြာရောင်လက်ကိုင်ဖုန်း တစ်လုံး၊ Vivo Y 35 အမျိုးအစား မိုးပြာရောင် လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၄၆၀၀၀၀ ဖြင့် ဝယ်ယူထားသည့် ရွှေဆွဲကြိုးတစ်ကုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။


ဖမ်းဆီးရမိသူ တရားခံများ၏ ထွက်ဆိုချက်များအရ ၎င်းတို့အနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုများနှင့် မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုများကြောင့် ပြည်သူလူထုများ အကြား စိုးရိမ်ထိတ်လန့်မှုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်အပေါ် အခွင့်ကောင်းယူကာ ငွေကြေးလိုအပ်ချက်အပေါ် အခြေခံပြီး ဒုစရိုက်မှုကို ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

၎င်းတို့အနေဖြင့် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၃၈) ရပ်ကွက် ပြည်ထောင်စုလမ်း (၇/၈) လမ်းဆုံအနီးရှိ ကမ္ဘောဇဘဏ်ခွဲ(၃)အား လုယက်မှုကျူးလွန်ရန် ဇင်ကိုကိုဦး(ခ)ဇင်ကိုမှ ဦးဆောင်၍ ဘဏ်အနီးတွင် စောင့်ကြည့်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ လုယက်မှုကျူးလွန်ခဲ့သည့် မေ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကမ္ဘောဇဘဏ်ခွဲ(၃)နှင့် ဘေးချင်းကပ်လျက် “Infinity Mart” ရှိ အအေးဆိုင်ရှေ့တွင် ယာဉ်အား ရပ်တန့်ကာ လုယက်မှုကျူးလွန်ရန် အခြေအနေအား စောင့်ကြည့်ခဲ့ကြကြောင်း။

ဘဏ်ရှေ့တွင် လူများသဖြင့် ဘဏ်အတွင်း ဝင်ရောက်ပြီး လုယက်မည့်အစီအစဉ်အား ဖျက်၍ ၎င်းဘဏ်အတွင်းမှ ငွေများ ထည့်ထားသည့် ဆာလာအိတ်များအား အပြာရောင်ငွေသိမ်းယာဉ်အတွင်း တင်ဆောင်ပြီး မောင်းနှင်သွားသည်ကို တွေ့ရှိရသဖြင့် အဆိုပါ ငွေသိမ်းယာဉ်အား လုယက်ရန်ကြံစည်၍ နောက်ယောင်ခံလိုက်ခဲ့ကြကြောင်း၊ ၎င်းယာဉ်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၂)ရပ်ကွက် ပင်လုံလမ်းရှိ ကမ္ဘောဇဘဏ်ခွဲ(၁) ရှေ့တွင် ရပ်တန့်ကာ ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးက ဘဏ်အတွင်းသို့ ဝင်သွားပြီး အခြားအမျိုးသားတစ်ဦးက ယာဉ်နောက်ခန်းတံခါးအားဖွင့်၍ ဆာလာအိတ်ခွံများ ယူနေစဉ် ထွဋ်ခေါင်မင်း(ခ)ထက်လင်းကျော်က အဆိုပါအမျိုးသားအား ဓားဖြင့်ထောက်ကာ ခြိမ်းခြောက်ပြီး ဇင်ကိုကိုဦး(ခ)ဇင်ကို၊ ဝေလင်းထွန်း(ခ)ကိုထွန်း၊ ဇွဲပြည့်စုံမှူး (ခ)ဇွဲကြီးတို့ သုံးဦးက ငွေသိမ်းယာဉ်ပေါ်မှ ငွေထုပ် လေးထုပ်အား ၎င်းတို့ကားပေါ်တင်ဆောင်လုယက်ကာ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ သိန်းဇော်ဦး (ခ) သားငယ်၏နေအိမ်သို့ သယ်ဆောင်ခဲ့ပြီး ခွဲဝေယူဆောင်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် လုယက်မှုကျူးလွန်သူ တရားခံအမျိုးသားငါးဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသမီး တစ်ဦးတို့အား သက်သေခံပစ္စည်းများဖြစ်သည့် ငွေကျပ်သိန်း ၂၂၁၀ နှင့် လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် AYY CC–4512 Probox ယာဉ်တစ်စီး၊ လုယက်မှုကျူးလွန်ရာမှရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် 82W–40613 Honda PCX ဆိုင်ကယ်တစ်စီး၊ ရွှေဆွဲကြိုးတစ်ကုံး၊ Xiaomi အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံး၊ Vivo အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံးနှင့် Redmi Note 11 အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံး တို့အား ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိ တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ဘဏ်ဓားပြတိုက် လုယက်မှုဖြစ်စဉ်ပေါင်း ၁၁ မှုဖြစ်ပွားခဲ့ပြီး အမှုပေါင်းကိုးမှုအား ဖော်ထုတ်နိုင်ခဲ့ကာ အမှုများမှ တရားခံ အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၅၇ ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကာ ဖော်ထုတ်ရရှိခဲ့သည့် အမှုများမှ ပြန်လည်သိမ်းဆည်းရရှိခဲ့သည့် ငွေနှင့် သက်သေခံပစ္စည်းများ၏ တန်ဖိုး ငွေကျပ်စုစုပေါင်း ၉၈၀၄၄၀၀၀၀ အား ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**






(ဝဲမှယာ) တရားခံ နှင်းဝေဝေဖူး(ခ)ဖူးဖူး၊ ဇွဲပြည့်စုံမှူး(ခ)ဇွဲကြီးနှင့် ပြန်လည်သိမ်းဆည်းရမိသည့် သက်သေခံငွေများ၏ မှတ်တမ်းဓာတ်ပုံ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၅၄၀ |
| 95 Ron | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၈၀ | ၂၃၅၅ | ၂၄၅၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၂၆၀၅ |
| SD (500 ppm) | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၆၀ | ၂၁၉၅ | ၂၂၁၅ | ၂၂၁၅ | ၂၁၈၀ | ၂၂၉၅ | ၂၂၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၂၆၉၀ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၈ | ၂၁၈၃ |
| 95 Ron | ၂၂၁၇ | ၂၂၉၅ |
| HSD (500 ppm) | ၂၀၄၇ | ၂၁၁၈ |
| HSD (50 ppm) | ၂၀၇၅ | ၂၁၄၆ |
| HSD (10 ppm) | ၂၀၇၅ | ၂၁၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၁**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာ ရေးကျောင်းများသို့ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း ခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ရှိ ဘော်ကြိုဘုရားကြီး ကျောင်း တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မင်းစုကျေးရွာရှိ မင်းစုကျောင်းတိုက်၊ သန်လျင် မြို့နယ် လက်ယက်စမ်းကျေးရွာရှိ စန်းသီတာသီလရှင် ပညာရေး ကျောင်းတိုက်၊ ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ရှိ မရမ်း ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသ ကြီး ခန္တီးမြို့ရှိ နန္ဒဝန်ကျောင်း တိုက်နှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဲဖြူ ကျေးရွာရှိ ဘုန်းတော်ကြီး ကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ အား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ



အမယ်လေးမျိုး၊ နဝကမ္မအလှူငွေ များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ရေး အထောက်အကူပြုပစ္စည်း များ၊ နေ့ဆွမ်းများနှင့် လှူဖွယ် ပစ္စည်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုက်မရောမြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေးပညာပေး

**နေပြည်တော် မေ ၂၁**

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးပြုန်းတီးမှုကာကွယ် ရေးနှင့် ငါးသယံဇာတထိန်းသိမ်းနိုင်ရေးအတွက် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ အား ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို မေ ၁၈ ရက်က ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးလှမင်းဇော်က ငါးရစ်/ငါးသန်ရာသီ တားမြစ်အချိန် ကာလ(မေ၊ ဇွန်၊ ဇူလိုင်)လများ၌ ငါးမဖမ်းဆီးရေး၊ တားမြစ်ငါးဖမ်း နည်းဖြစ်သည့် အဆိပ်ချ၊ ဆေးချ၊ ဘက်ထရီရှော့ခ်တိုက်မပြုလုပ်ရေး၊ တားမြစ်ငါးဖမ်းကိရိယာအရွယ်အစား တစ်လက်မအောက် ပိုက်ကွက် များဖြင့် ငါးမဖမ်းဆီးရေးကိစ္စများနှင့် မွန်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေများကို အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

ဆက်လက်ပြီး တက်ရောက်လာသူများအား ငါးသယံဇာတ ထိန်းသိမ်းရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ဒုတိယဦးစီးမှူးက ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ဝေထားသည့် ပညာပေး လက်ကမ်းစာဆောင်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ဘယ်လိုတွေ ကူးစက်ပျံ့နှံ့မည်ဆိုသည်ကို မသိ တတ်နိုင်။ လူနေမှုထူထပ်သော၊ စားဝတ်နေရေး အရ သွားလာလှုပ် ရှားနေကြရာ၌ တစ်ဦးနှင့် တစ်ဦး နှစ်မီတာ (ခြောက်ပေ) အကွာတွင် နေနိုင်ရန် ခဲယဉ်းသော၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အားနည်းသော၊ သက်ဆိုင်ရာက ထုတ်ပြန်ထား သည့် ကိုဗစ်ကာကွယ်ရေးဆိုင်ရာ စည်းကမ်းများကို လိုက်နာရန် တွန့်ဆုတ်သော မိမိတို့ တိုင်းပြည်သို့ အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 တို့၊ Twindemic တို့သာ မဖိတ်ခေါ်ဘဲ ရောက်လာခဲ့မည် ဆိုပါက ...။

**ကာကွယ်ခြင်းသာ အခရာ**

နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက် လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်း ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ် ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်တွင် ထည့်သွင်းသတိပေး ထားသည်။

အလားတူကျန်းမာရေးလောက၏အကောင်းဆုံး ဆောင်ပုဒ်ဖြစ်သော " ကာကွယ်ခြင်းသည် ကုသ ခြင်းထက် ပိုကောင်း၏" ဆိုသကဲ့သို့ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ရန် (၁) ကာကွယ်ဆေး အကြိမ် ပြည့်မီအောင် အချိန်မီထိုးနှံခြင်း၊ (၂) အရည်အသွေး ပြည့်မီသော ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ခြင်း၊ (၃) အလုံပိတ်နေရာများကိုရှောင်ကြဉ်ခြင်း၊ (၄) လက်ကို မကြာခဏ ဆေးကြောသန့်စင်ခြင်း၊ (၅) တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် နေထိုင် ခြင်း၊ (၆) မိမိတို့ ကိုင်တွယ်အသုံးပြုမည့်ပစ္စည်း များကို ပိုးသတ်သန့်စင်ခြင်းများကို ပြုလုပ်ကြရပါ မည်။

သို့ဖြစ်ပါသောကြောင့် မိမိတို့ ပြည်သူတစ်ဦး တစ်ယောက်ချင်းစီ အသိရှိရှိဖြင့် သတိတရားကို လက်ကိုင်ထားကာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသောစည်းကမ်းများကို မလွဲမသွေ လိုက်နာကြမည်ဆိုပါက လာလတ္တံ့သော ကိုဗစ် မည်သည့်လှိုင်းကိုမဆို ကြောက်စရာလိုမည် မဟုတ် ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ပြင်သစ်သမ္မတ မက်ခရွန်က အစိုးရသစ်ဝန်ကြီးများခန့်အပ်



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

**ပါရီ မေ ၂၁**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က နိုင်ငံ၏အစိုးရသစ်အတွက် ဝန်ကြီးများကို မေ ၂၀ ရက်က ခန့်အပ်လိုက်ကြောင်း သိရသည်။

အစိုးရသစ်တွင် ဝန်ကြီးဌာန ၁၇ ခုနှင့် အစိုးရအဖွဲ့ဝင် ၂၇ ဦးတို့ဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။ ယခင်အစိုးရများမှ ဝန်ကြီးအချို့ကို ဝန်ကြီးများအဖြစ် ထပ်မံခန့်အပ်ခဲ့သော်လည်း မတူညီသော ဝန်ကြီးဌာနများတွင် ခန့်အပ်ခြင်းဖြစ်သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အဲလိစဘက်ဘွန်းကို မေ ၁၆ ရက်က ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ အစိုးရသစ်သည် ၎င်း၏ ပထမဆုံးအစိုးရအဖွဲ့အစည်းအဝေးကို မေ ၂၃ ရက်တွင် အဲလီစီးတွင် ကျင်းပမည်ဖြစ်ကြောင်း ပြင်သစ်ရုပ်မြင်သံကြားသတင်းတစ်ခုဖြစ်သည့် BFMTV တွင် ဖော်ပြခဲ့သည်။

ဆင်ဟွာ

# တရုတ်နိုင်ငံ၌ ရေဘေးကယ်ဆယ်ရေး ယွမ် သန်း ၅၀၀ ခွဲဝေသုံးစွဲရန်လျာထား



**ပေကျင်း မေ ၂၁**

တရုတ်နိုင်ငံက ယခုနှစ်၏ ရေကြီးရာသီ သက်ရောက်မှုအတွက် ယွမ်သန်း ၅၀၀ (အမေရိကန် ဒေါ်လာ ၇၄ သန်းခန့်) လျာထားကြောင်း အာဏာပိုင်များက မေ ၂၁ ရက်က ပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာနတို့က ရန်ပုံငွေကို ပူးပေါင်းခွဲဝေပေးခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုထိန်းချုပ်ရေး အခြေခံအဆောက်အအုံများ ထိန်းသိမ်းခြင်း အပါအဝင် ရေကြီးရေလျှံမှုအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန်အတွက် ရေအရင်းအမြစ်ဝန်ကြီးဌာနက တောင်းဆိုလိုက်ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သည့် မေလမှစတင်ကာ တရုတ်နိုင်ငံသည် အရေးပေါ်တုံ့ပြန်မှုအများအပြားကို လုပ်ဆောင်ခဲ့သည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၄၅၇ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း မေ ၂၁**

ဗီယက်နမ်နိုင်ငံ၌ မေ ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၄၅၇ ဦးရှိပြီး မေ ၂၀ ရက်ကထက် ၁၃၀ လျော့နည်းကျဆင်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများမှာ ပြည်နယ်နှင့်မြို့ ၄၃ ခုမှဖြစ်ပြီး ဒေသတွင်း ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နိုင်းမြို့တွင် မေ ၂၁ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၇၀ ရှိပြီး ကူးစက်မှုအများဆုံးဖြစ်သည်။ နီအန်းပြည်နယ်အလယ်ပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၅ ဦးနှင့် ဗင်ဖူပြည်နယ်တွင် ကူးစက်ခံရသူ ၉၁ ဦးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၀၇၀၇၅၆၈ ဦးရှိပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်းမှာ ၄၃၀၇၅ ဦး ရှိပြီဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူ စုစုပေါင်းမှာ ၉၃၉၃၁၀၀ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၉၈ ဒသမ ၂ သန်းကျော် ထိုးနှံပေးခြင်းအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေစုစုပေါင်း ၂၁၉ သန်းကျော် ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ လှိုင်းဂယက်လေးခုကို ရင်ဆိုင်ခဲ့ရသည်။ ဗီယက်နမ်နိုင်ငံတွင် လက်ရှိ ကိုဗစ်-၁၉ ကူးစက်မှုစတင်ဖြစ်ပွားသည့် ၂၀၂၁ ခုနှစ် ဧပြီလမှစတင်ကာ ယနေ့အထိ ကိုဗစ်-၁၉ ဒေသတွင်း ကူးစက်ခံရသူ ၁၀ ဒသမ ၇ သန်းနီးပါးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

# ဇေရက်တောင် အမျိုးသားသဘာဝဘေးမဲ့တောဥယျာဉ်အတွင်း နှင်းကျားသစ် အကောင် ၁၀၀ ကျော်တွေ့ရှိ

**လာဆာ မေ ၂၁**

ချိုမိုလန်းမား(ခေါ်) ဇေရက်တောင် အမျိုးသားသဘာဝဘေးမဲ့တောဥယျာဉ်အတွင်း နှင်းကျားသစ် ၁၁၄ ကောင်မှ ၁၁၆ ကောင်ခန့် တွေ့ရှိထားပြီး တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ သဘာဝဘေးမဲ့တောဧရိယာ၏ ၃၂ ဒသမ ၉ ရာခိုင်နှုန်း (စတုရန်းကီလိုမီတာ ၁၁၁၀၀ ခန့်) တွင် နေထိုင်ကျက်စားလျက်ရှိကြောင်း လေ့လာစောင့်ကြည့်သူများက ပြောကြားသည်။

ယနေ့အချိန်အထိ နှင်းကျားသစ်များ နေထိုင်ရာဒေသများဖြစ်သည့် စတုရန်းကီလိုမီတာ ၃၀၀၀ ခန့် (သဘာဝဘေးမဲ့တော နယ်မြေများ၏ ၈ ဒသမ ၉ ရာခိုင်နှုန်းခန့်)ကို လေ့လာစောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ချိုမိုလန်းမားတောင် သဘာဝဘေးမဲ့တောဥယျာဉ်ဒေသအတွင်း နှင်းကျားသစ်များထိန်းသိမ်းရေးကို ဗန်ကီဖောင်ဒေးရှင်းနှင့် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သစ်တောဦးစီးဌာနတို့က ၂၀၁၃ ခုနှစ်က စတင်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ လေ့လာစောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် ယင်းအစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်သည်။

နှင်းကျားသစ်များ ထိန်းသိမ်းရေးအစီအစဉ်အတွက် ဗန်ကီဖောင်ဒေးရှင်းက ၂၀၂၁ ခုနှစ်အတွင်းက ယွမ် ၁၁ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃ သန်း) ထောက်ပံ့ခဲ့ပြီး နှင်းကျားသစ်များထိန်းသိမ်းကာကွယ်ရေး ကွန်ရက်ကို တည်ထောင်ခဲ့ကြောင်း ဘေးမဲ့တောထိန်းသိမ်းရေးအဖွဲ့က ဆိုသည်။

နှင်းကျားသစ်များသည် တရုတ်နိုင်ငံ၏ အနီရောင်အဆင့် သတ်မှတ်ကာကွယ်ထားသည့် သားရိုင်းတိရစ္ဆာန်ဖြစ်ပြီး နိုင်ငံတကာတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့၏ ထိခိုက်လွယ်သောအဆင့် သတ်မှတ်ခံထားရသည့် တောရိုင်းတိရစ္ဆာန်လည်းဖြစ်သည်။

ချိုမိုလန်းမား(ခေါ်) ဇေရက်တောင် သဘာဝဘေးမဲ့တော ဥယျာဉ်သည် တရုတ်-နီပေါ နှစ်နိုင်ငံနယ်စပ်တွင် တည်ရှိပြီး နှင်းတောင်ဘုရင်ဟု ခေါ်သည့် ဇေရက်တောင်၏ အမြင့် မီတာ ၃၀၀၀ မှ ၅၀၀၀ အတွင်း တည်ရှိသည်။ ယင်းတောင်ထိပ်၏ ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်သည် အမြင့်ပေ ၈၈၄၈ ဒသမ ၈၆ မီတာရှိကြောင်း သိရသည်။

ဆင်ဟွာ



ဇေရက်တောင် အမျိုးသားသဘာဝဘေးမဲ့တောဥယျာဉ်၌ တွေ့ရှိရသည့် နှင်းကျားသစ်များ။

## အာဖဂန်နစ္စတန်နိုင်ငံ ဘာမီယန်မြို့၌ မြေပြိုမှုဖြစ်ပွား ကလေးနှစ်ဦးသေဆုံး

**ဘာမီယန် မေ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံ ဘာမီယန်ပြည်နယ်အလယ်ပိုင်း ဝါရက်ခရိုင်ရှိ ကျေးရွာတစ်ခုတွင် မေ ၂၀ ရက်က မြေပြိုမှုဖြစ်ပွားရာ ကလေးနှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆဘော့ဆဟနီက မေ ၂၁ ရက်က ပြောကြားခဲ့သည်။

အာဏာပိုင်များ၏ ပြောကြားချက်အရ ဝါရက်ခရိုင်ရှိ ကက်ဖ်တာခန်းကျေးရွာတွင် မေ ၂၀ ရက် မွန်းလွဲပိုင်းက သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သဖြင့် ညီအစ်မနှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ယခု သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ ဒုတိယမြောက်ဖြစ်ပြီး မေ ၁၆ ရက်ကလည်း ဘဂက်ရှမ်ပြည်နယ်မြောက်ပိုင်း ရှိုလအီပါရန်ခရိုင်အတွင်း မြေပြိုမှုဖြစ်ပွားခဲ့ကာ လေးဦးသေဆုံး၍ နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဆင်ဟွာ

## ပေကျင်းမြို့၌ အပူချိန်မြင့်မားမှု သတိပေးချက်ထုတ်ပြန်

**ပေကျင်း မေ ၂၁**

ပေကျင်းမြို့ မိုးလေဝသစောင့်ကြည့်လေ့လာရေးဌာနက ရက်သတ္တတစ်ပတ်ကျော်အတွင်း အပူချိန်မြင့်မားမှုအတွက် အပြာရောင်အဆင့် သတိပေးချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။

ကြိုတင်ခန့်မှန်းချက်အရ နှစ်ရက်အတွင်း ပေကျင်းမြို့ရှိ မြေပြန့်ဒေသအစိတ်အပိုင်းအများစုတွင် အပူချိန် ၃၅ ဒီဂရီဆဲစီးယပ်အထိ ရိုက်ခတ်နိုင်ကြောင်း သိရသည်။

ပြင်ပ၌ နျူကလိယက်အက်စစ်စမ်းသပ်မှုပြုလုပ်နေစဉ်အတွင်း အပူလှိုင်းဒဏ်ကို ကာကွယ်နိုင်ရန် ဒေသခံများကို ကြိုတင်သတိပေးထားကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ရာသီဥတုသတိပေးချက်စနစ် အဆင့်လေးဆင့် သတ်မှတ်ထားပြီး အနီရောင်မှာ အပြင်းထန်ဆုံးဖြစ်ကာ လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင်အဆင့်ဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။

ဆင်ဟွာ

# ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေကို ဝိုင်းဝန်းကယ်တင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို တိုက်တွန်းပြောကြားလိုက်တဲ့ ကုလသမဂ္ဂ

*လင်းဟန်သစ်*




ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် ဗီဒီယိုသတင်းစကား ပြောကြားနေသည်ကို တွေ့ရစဉ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ(SDGs)ကို ဝိုင်းဝန်းကယ်တင်ဖို့နဲ့ ထိပ်တန်းဦးစားပေးကိစ္စတစ်ခုအဖြစ် လုပ်ဆောင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို မေ ၁၇ ရက်က တိုက်တွန်းပြောကြားလိုက်ပါတယ်။

**အခါတိုင်းထက် ပိုအရေးကြီး**

"အကျပ်အတည်းတွေ ကြုံတွေ့နေတဲ့ ကမ္ဘာကြီးမှာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေကို ကယ်တင်ဖို့ အခါတိုင်းထက် ပိုပြီးအရေးကြီးလာပြီ"လို့ မေ ၁၇ ရက်က ၁၀ ရက် အထိကျင်းပခဲ့တဲ့ ကုလသမဂ္ဂစီးပွားရေးနဲ့ လူမှုရေး ကောင်စီ(အီကိုဆော့စ်) အခန်းကဏ္ဍမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားခဲ့ပါတယ်။

မိမိတို့ ရင်ဆိုင်ကြုံတွေ့နေတဲ့ ဘေးဒုက္ခအကျပ်အတည်းတွေ စုပြုံလာတဲ့အတွက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေ (SDGs) ဟာ ရှေ့မတိုးဘဲ တဖြည်းဖြည်းနဲ့ နောက်ဆုတ်လာတဲ့သဘောကို တွေ့နေရပါတယ်။ မိမိတို့အနေနဲ့ ဒီရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေ (SDGs) ကို ကယ်တင်ဖို့ အများသဘောတူ ထိပ်တန်းဦးစားပေးကိစ္စဖြစ်ရမယ်လို့ အန်တိုနီယို ဂူတာရက်စ်က အဓိကထားပြောကြားလိုက်ပါတယ်။

**ဆင်းရဲဒုက္ခရောက်ကြရ**

ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုနဲ့ ပတ်သက်ပြီး ကိုဗစ်-၁၉ ဟာ လူ့အသက်ပေါင်း ၁၅ သန်းလောက် ဆုံးရှုံးမှုဖြစ်စေခဲ့တယ်လို့ အန်တိုနီယို ဂူတာရက်စ်က ထပ်လောင်းပြောကြားထားပါတယ်။

ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ်တစ်နှစ်ထဲမှာပဲ သန်း ၁၀၀ သော ကမ္ဘာ့ပြည်သူတွေ ဆင်းရဲဒုက္ခရောက်ခဲ့ကြပါတယ်။ လူသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကိုလည်း နောက်ကျကျန်ရစ်စေခဲ့ပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေရဲ့ အခွင့်အရေးကို နှောင့်နှေးကျန်ရစ်စေခဲ့ပါတယ်။

**နာကျင်ပူလောင်မှုကို ခံစားနေရ**

ဖွံ့ဖြိုးတိုးတက်မှုကိစ္စနဲ့ ပတ်သက်ပြီး မိမိတို့ဟာ အရေးပေါ်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုပမာဏ မညီမျှမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကမ္ဘာလုံးဆိုင်ရာ အစိုးရတွေနဲ့ ပြည်သူတွေဟာ ဒီလိုခက်ခဲတဲ့ အချိန်မှာ ကုလသမဂ္ဂရဲ့ ထောက်ပံ့မှုကို မျှော်လင့်နေကြပါတယ်။

အခုဆိုရင် ကမ္ဘာကြီးဟာ မီးလောင်သလို နာကျင်ပူလောင်မှုကို ခံစားနေရကြောင်းနဲ့ အရေးပေါ်အကူအညီ လိုအပ်နေသူတွေကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အကူအညီတွေ မပေးနိုင်သေးဘူးလို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မီးမောင်းထိုးပြခဲ့ပါတယ်။

**ရလဒ်ကောင်းတွေ ထွက်ပေါ်လာရမယ်**

အခြားနည်းလမ်းရွေးစရာမရှိတဲ့အတွက် မိမိတို့တွေဟာ မိမိတို့ရဲ့ လုပ်နိုင်စွမ်းနဲ့ ခွန်အားတွေကို အစွမ်းကုန်အသုံးချ လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုအပိုင်းမှာ ဂူတာရက်စ်က ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ(SDGs)ကို ဝိုင်းဝန်းကယ်တင်ဖို့ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်တဲ့အခါမှာ ရလဒ်ကောင်းတွေ ထွက်ပေါ်လာရမှာ ဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။

**ပြောင်းလဲမှုတွေကို အရှိန်အဟုန်နဲ့လုပ်ဆောင်ရမယ်**

မိမိတို့ရဲ့ ချဉ်းကပ်မှုမှာ ပြောင်းလဲမှုတွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်ဖို့လိုကြောင်းနဲ့ ဘယ်အေဂျင်စီမှ ဒါကို တစ်ဦးတည်း လုပ်ဆောင်နိုင်မှာမဟုတ်ကြောင်း၊ အကယ်၍ လိုအပ်တဲ့ စားနပ်ရိက္ခာအစီအစဉ်၊ စွမ်းအင်နဲ့ ဒစ်ဂျစ်တယ်ဆက်သွယ်မှုတွေအပြင် တခြားကိစ္စရပ်တွေရဲ့ အသွင်ကူးပြောင်းမှုအပိုင်းမှာ ထောက်ပံ့ပေးဖို့အတွက် မိမိတို့ရဲ့ ကုလသမဂ္ဂ အဖိုးတန်အရည်အချင်းတွေကို ပေါင်းစပ်မယ်ဆိုပါက လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှု အဆင့်မှာလည်း အသင့်ပြင်ထားဖို့လိုကြောင်း ဂူတာရက်စ်က ပြောပါတယ်။

ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်တွေဟာ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အကောင်အထည်ပေါ်ဖို့ အဓိက အခန်းကဏ္ဍက ပါဝင်လိမ့်မည်ဖြစ်ကြောင်းနဲ့ တစ်ဖက်ကလည်း လူတိုင်းအတွက် လူမှုရေးကာကွယ်မှုများနဲ့ ကောင်းမွန်သော အလုပ်များရရှိရေးအတွက် အကောင်အထည်ဖော်သွားရမှာဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားလိုက်ပါတယ်။

**ကျယ်ပြန့်တဲ့ ဆုံးဖြတ်ချက်ဖြစ်**

အခုလို အသွင်ကူးပြောင်းမှုတွေဟာ ၂၀၃၀ ပြည့်နှစ် လုပ်ငန်းစဉ်တစ်ခုလုံးအတွက် ကျယ်ပြန့်တဲ့ ဆုံးဖြတ်ချက်တွေလည်း ဖြစ်ပါတယ်။ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ(SDGs)ကို ဝိုင်းဝန်းကယ်တင်နိုင်ဖို့ဆိုတာ ကမ္ဘာတစ်ဝန်းလုံးမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ပဲ ဖြစ်ပါတယ်လို့ ဂူတာရက်စ်က ပြောပါတယ်။ ရေရှည်မှာ မိမိတို့ဟာ ပြီးပြည့်စုံတဲ့ ကမ္ဘာ့စီးပွားရေးစနစ်ကြီးကို လိုအပ်ပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေနဲ့ ဖွဲ့စည်းထားတဲ့ ကုလသမဂ္ဂ အဖွဲ့ကြီးကို ကြီးမားတဲ့အစီအစဉ်တွေ အကောင်အထည်ဖော်ဖို့ သိုင်းသိုင်းဝိုင်းဝိုင်း လုပ်ဆောင်ကြဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေဟာ ပိုပြီးပေါင်းစည်းကြဖို့နဲ့ စုစုစည်းစည်းလုပ်ဆောင်ကြဖို့ သူက တိုက်တွန်းလိုက်ပါတယ်။

**ကတိကိုတည်တံ့အောင် လုပ်ဆောင်ကြရမယ်**

မိမိတို့တွေဟာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေကို ဝိုင်းဝန်းကယ်တင်ဖို့ လုပ်ဆောင်ဖို့လိုကြောင်းနဲ့ ငြိမ်းချမ်းတဲ့၊ ဂုဏ်သိက္ခာရှိတဲ့၊ ကြွယ်ဝတဲ့၊ ကျန်းမာတဲ့ ကမ္ဘာကြီးဖြစ်ဖို့ မိမိတို့ရဲ့ ကတိတွေကို ဆက်လက်တည်တံ့အောင် လုပ်ဆောင်သွားကြရမှာ ဖြစ်တယ်လို့ ဂူတာရက်စ်က ပြောကြားလိုက်ပါတယ်။

**ကိုးကား - ဆင်ဟွာ**

- **မိမိတို့ ရင်ဆိုင်ကြုံတွေ့နေတဲ့ ဘေးဒုက္ခအကျပ်အတည်းတွေ စုပြုံလာတဲ့အတွက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေ (SDGs) ဟာ ရှေ့မတိုးဘဲ တဖြည်းဖြည်းနဲ့ နောက်ဆုတ်လာတဲ့သဘောကို တွေ့နေရပါတယ်။ မိမိတို့အနေနဲ့ ဒီရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေ (SDGs) ကို ကယ်တင်ဖို့ အများသဘောတူ ထိပ်တန်း ဦးစားပေးကိစ္စဖြစ်ရမယ်**
- **မိမိတို့တွေဟာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်တွေကို ဝိုင်းဝန်းကယ်တင်ဖို့ လုပ်ဆောင်ဖို့လိုကြောင်းနဲ့ ငြိမ်းချမ်းတဲ့၊ ဂုဏ်သိက္ခာရှိတဲ့၊ ကြွယ်ဝတဲ့၊ ကျန်းမာတဲ့ ကမ္ဘာကြီးဖြစ်ဖို့ မိမိတို့ရဲ့ ကတိတွေကို ဆက်လက်တည်တံ့အောင် လုပ်ဆောင်သွားကြရမှာဖြစ်**

## မေ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၂၃ ရာခိုင်နှုန်းရှိ

**(၂၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၃၂,၆၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၂၁၉) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၁၇၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၉၁) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၃) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၁) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၆၅) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၄) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၅၅၆) ခု | (၃) ဦး |
| စုစုပေါင်း | (၇,၀၄၈) ခု | (၁၆) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မေ ၂၁ ရက်၌ HCG Pregnancy Test Strip ၁၂၂၀၊ HCG Pregnancy Test Cassette ၆၆၆၄ ခု၊ Midstream Pregnancy Test ၁၅၀၀၀၊ Hbsag Rapid Test Strip ၅၀၀၊ Hbsag Rapid Test Cassette ၁၆၀ ၊ HCV Rapid Test Strip ၅၀၀ ၊ HCV Rapid Test Cassette ၂၄၀ HIV 1-2 rapid Test Strip ၃၀၀ ၊ Syphilis Rapid Test Strip ၂၀၀၊ Syphilis Rapid Test Cassette ၃၈၀၊ Dengue Ag and Ab Combo Rapid Test Cassette ၄၀ ၊ Malaria P.F./Pan Rapid Test Cassette ၆၀၊ Malaria P.F/P.V Rapid Test Cassette ၄၀၊ Vacuum Blood Collection Tube ၈၄၀၀၀၊ Microcentrifuge Tube ၅၀၀၀၀၊ Pasteur Pipette ၃၀၀၀၊ Universal Pipette Tip ၁၂၀၀၀၀၊ Stretcher ၅၀၊ Hi Low Stretcher ၁၀ ခု၊ Spine Board ၃၀၊ Head Immobilize ၃၀၊ Stretcher Belt ၅၀၊ Female Examining Table ၁၂ ခု၊ Stainless Steel Foot Step ၃၀၊ Leg Suppor ၂၀၊ Underpad ၄၁၈၅ ခု၊ Portable Phlegm-Suction Unit ၅၀ ၊ Sieve bed နှစ်ခု၊ Electric Suction Apparatus ၂၀၊ Fingertip Pulse Oxymeter ၃၀၀၊ Resevoir Bottle+ Cover ၂၄ ခု၊ Silicon Hose ၁၀၀၊ Overbed Table ၁၀၀၊ Antidecubitus Mattress ၁၂၀၊ Compressor တစ်ခု၊ Anti-Decubitus Seat ၂၀၀၊ Sphygmomanometer Aneroid ၂၀၀၊ Dual Head Stethoscope ၃၅၀၊ Suction Connecting Tube ၁၀၀၊ X-ray Film Viewer ၄၀၊ Female Urinal ၁၇၀၀ ၊ Male Urinal ၃၀၀၊ Portable Pressure Steam Sterlizer Boiling Sterilizer ခြောက်ခု၊ UV Air Sterilizer ခြောက်ခု၊ Lamp S/P For UV Air Sterilizer ၁၀၀၊ Manual Resuscitator ၂၈၈ ခု၊ Safety Box ၅၀၀၀၊ Examination Lampနှစ်ခုနှင့် ဆေးဝါးမျိုးစုံ ၂၁ မျိုး၊ စုစုပေါင်း၃၃၂၃၃ ဒသမ ၁၈ KG တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာအုပ်စုတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**လှည်းကူး မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာအုပ်စုတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရန်နှင့် အိုမီခရွန်မျိုးကွဲကူးစက်မှုမှ ကာကွယ်နိုင်ရန်ကာကွယ်ဆေး မထိုးနှံရသေးသည့် အသက်(၁၅)နှစ်မှ (၁၈)နှစ်အတွင်း ပြည်သူများ၊ အသက် (၁၈)နှစ်နှင့်အထက် ပြည်သူများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးလျက်ရှိပြီး ရာနှုန်းပြည့် ထိုးနှံပေးနိုင်ရေး Mobile အစီအစဉ်ဖြင့် ဆက်လက် ထိုးနှံပေးလျက်ရှိသည်။

ယမန်နေ့နံနက်ပိုင်းက အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေး မထိုးနှံရသေးသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ကွင်းဆင်း၍ လိုက်လံထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများကလည်း ကိုယ်အပူချိန်တိုင်းတာပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အေးအေးနွဲ့ (ပြန်/ဆက်)

# ၁၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

*(ယမန်နေ့မှ အဆက်)*

ဆက်လက်ပြီး တတိယပိုင်းအနေဖြင့် မြန်မာ့နိုင်ငံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်ကို ထည့်သွင်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေး တည်ငြိမ်ရေးနှင့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်း တည်ငြိမ်ရေးအတွက် ကဏ္ဍ သုံးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးတည်ငြိမ်ရေးကိုဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးကဏ္ဍသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးတည်ငြိမ်ရေးဆောင်ရွက်ရာတွင် မိမိတို့၏ အဓိကရည်မှန်းချက်ဖြစ်သည့် ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းဆောင်ရွက်ရန်အတွက် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုနှုန်း ရည်မှန်းချက်၊ သင့်တင့်သည့် ငွေကြေးဖောင်းပွမှုနှုန်းကို ရရှိစေမည့် သီးသန့်ငွေကြေးပမာဏကို ရည်မှန်းချက်သတ်မှတ်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုဘဏ် အတိုးနှုန်း၊ အပ်ငွေပေါ်တွင် အနိမ့်ဆုံးအတိုးနှုန်းနှင့် ချေးငွေအပေါ် အမြင့်ဆုံးအတိုးနှုန်းတို့ကို စုစုပေါင်း ၃ ရာခိုင်နှုန်းအထိ လျှော့ချသတ်မှတ်ပေးခဲ့ပါကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍအတွင်း ငွေကြေးလုံလောက်မှုရှိရန်နှင့် ငွေကြေးလွယ်ကူမှုကို ပိုမိုထောက်ပံ့နိုင်ရန် ဘဏ်များမှ မြန်မာကျပ်ငွေနှင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အချိုးသတ်မှတ်ချက်ကို ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့၊ ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းသို့ အဆင့်ဆင့် လျှော့ချပေးခဲ့ပါကြောင်း။

ဘဏ်များ၏ ငွေသားစီမံခန့်ခွဲမှုအခြေအနေ ကောင်းမွန်လာသည့် အခြေအနေအပေါ်မူတည်ပြီး ဗဟိုဘဏ်မှ ဖြေလျှော့ပေးနိုင်သည့်ကိစ္စရပ်များကိုစိစစ်ပြီး အများပြည်သူများ ငွေသားထုတ်ယူခြင်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန် ယခင်သတ်မှတ်ပမာဏ ငွေကျပ်သိန်း ၂၀ နှင့် ကျပ်သိန်း ၂၀၀ သတ်မှတ်ချက်ကို ကျော်လွန်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် တစ်ပတ်လျှင် အများဆုံး ကျပ်သိန်း ၁၀၀၊ အဖွဲ့အစည်းများအတွက် တစ်ပတ်လျှင် အများဆုံးကျပ်သိန်း ၁,၀၀၀ အထိ ထုတ်ယူခွင့်ကို ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်တွင် ခွင့်ပြုပေးခဲ့ပါကြောင်း၊ လက်ရှိတွင်လည်း ဘဏ်အချို့၌အပ်နှံထားသော ငွေသားများအားလုံး ပြန်လည်ထုတ်ယူနေနိုင်ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၂ ခုနှစ် မေ ၉ ရက်တွင်ထုတ်ပြန်ခဲ့သည့် အသိပေးကြေညာချက်အရ နိုင်ငံတော်အတွင်း နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုများမှ ရငွေများ အပြည့်အဝရရှိရေးသည် အဓိကကျသည့်အချက်ဖြစ်ပြီး နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၅ တို့တွင် ပို့ကုန်တင်ပို့သူက ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း ယင်း၏ ဘဏ်စာရင်းသို့ နိုင်ငံခြားသုံးငွေနှင့် ဝင်ရောက်ရန်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါကြောင်း။


၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို ပို့ကုန်တင်ပို့သည့်နေ့မှစပြီး ခြောက်လအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေနှင့် မပျက်မကွက်ပြန်လည်ထည့်သွင်းစေရန်အတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန် မြန်ဆန်စေရေးဗဟိုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များပူးပေါင်းပြီး Power Point ပါအတိုင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ (က) AD လိုင်စင်ရ ဘဏ်များမှ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခြင်း (သုံးနှစ်ကြာကာလအတွင်း)၊ (ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခြင်း (ရက်ပေါင်း ၆၀)၊ (ဂ) သတင်းစာများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် စာရင်းရှင်းလင်းရန်ကြေညာခြင်း(ရက်ပေါင်း ၆၀)၊ (ဃ) စာရင်းရှင်းလင်းမှုမရှိသူများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (ပသက) ပိတ်သိမ်းခြင်း (ရက်ပေါင်း ၃၀)၊ (င) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီမှဦးဆောင်ပြီး ပို့ကုန်တင်ပို့သူများနှင့် အစည်းအဝေး ငါးကြိမ်ပြုလုပ်ကာ ရှင်းလင်းဆွေးနွေးခြင်း စသည်တို့ဖြစ်ကြောင်း။

ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၈-ခ ဖြစ်သည့် "မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့်ထည့်သွင်းရန် ပျက်ကွက်ခြင်း မရှိစေရ" ဟုဖော်ပြထားရှိပြီး အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့် ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန်ကျန်ရှိသည့် ကုမ္ပဏီများကို အထက်အပိုဒ်ပါအတိုင်း အကြောင်းကြားခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်း၊ အစည်းအဝေးများပြုလုပ်ပြီး ဆွေးနွေးခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်ပြီးသော်လည်း ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိဆဲ ကုမ္ပဏီ ၁၅၈ ခုရှိပြီး အဆိုပါကုမ္ပဏီများကို နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်နေပြီး ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များကိုလည်း အမည်မည်းစာရင်း ထည့်သွင်းကြောင်းနှင့် ကျန်ရှိနေသေးသည့် ပို့ကုန်ရငွေဝင်ရောက်ရန်ကျန် ကုမ္ပဏီများကိုလည်း အရေးယူဆောင်ရွက်ရန် ဆက်လက်စိစစ်လျက်ရှိသည်ဟု ကြေညာထားပါကြောင်း။

ငွေကြေးကိစ္စ တည်ငြိမ်အောင် ဆောင်ရွက်နေသကဲ့သို့ အစိုးရအနေဖြင့် မြန်မာနိုင်ငံတော်ရွှေလုပ်ငန်းရှင်များအသင်းအား ရွှေဆိုင်ပိုင်ရှင်မဟုတ်သည့် ရွှေပွဲစားအချို့သည် ရွှေလုပ်ငန်းရှင်များ အသင်းရုံးတွင် ရောင်းဝယ်ခြင်းမပြုဘဲ လမ်းဘေးတွင် အမှန်တကယ်ဖြစ်သင့်သည့် ဈေးထက်ပို၍ ဈေးခေါ်ရောင်းချခဲ့သည့်အတွက် ရွှေဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွှေဈေးနှုန်း ဆက်လက်မြင့်တက်မှုမရှိစေရေးနှင့် ရွှေဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းရွှေဈေးကွက်တွင် ဈေးနှုန်း အဆမတန်မြင့်တက်မှုမရှိစေရေး၊ ကမောက်ကမ မဖြစ်စေရေးနှင့် ဖြစ်သင့်သည့်ဈေးထက် ပိုမိုရောင်းဝယ်မှုမရှိစေရေးတို့အတွက် ရွှေရောင်းဝယ်မှုကို ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင်သာ ရောင်းဝယ်ခြင်းပြုလုပ်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ စည်းကမ်းချက်နှင့် မကိုက်ညီဘဲ လိုင်စင်မဲ့လုပ်ကိုင်နေသူ ခုနစ်ဦးကိုလည်း ခေါ်ယူစစ်ဆေးလျက်ရှိကြောင်းကို အသိပေးလိုပါကြောင်း။

မိမိတို့ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းရှင်များကို ပြည်ပထွက်ခွာမှုမပြုရန် အစိုးရက လုပ်ဆောင်နေသည်ဆိုသော ကောလာဟလများ ထုတ်လွှင့်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ ယင်းသတင်းများသည် မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း ဘဏ်များနှင့်ပတ်သက်ပြီး အခက်အခဲများ ရှိခဲ့ပါကြောင်း၊ ဘဏ်ကြီးအချို့ကို ဆက်လက်ရပ်တည်နိုင်ရေး အစိုးရအနေဖြင့် ကူညီပေးခဲ့ရပါကြောင်း၊ ဖြစ်ရသည့်အကြောင်းရင်းထဲမှ အဓိကအချက်မှာ စည်းကမ်းနည်းလမ်းမကျစွာ လုပ်ဆောင်ခဲ့သူများ၏ အကျိုးဆက်သာဖြစ်ကြောင်း၊

*စာမျက်နှာ ၁၇ သို့*




သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ

" ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန်ကျန်ရှိသည့် ကုမ္ပဏီများကို အထက်အပိုဒ်ပါအတိုင်း အကြောင်းကြားခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်း၊ အစည်းအဝေးများ ပြုလုပ်ပြီး ဆွေးနွေးခြင်းတို့ကို အကြိမ်ကြိမ် ပြုလုပ်ပြီးသော်လည်း ပို့ကုန်ရငွေပြန်လည် ဝင်ရောက်ရန် ကျန်ရှိဆဲ ကုမ္ပဏီ ၁၅၈ ခုရှိပြီး အဆိုပါကုမ္ပဏီများကို နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်နေပြီး ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များကိုလည်း အမည်မည်းစာရင်း ထည့်သွင်းကြောင်းနှင့် ကျန်ရှိနေသေးသည့် ပို့ကုန်ရငွေဝင်ရောက်ရန်ကျန် ကုမ္ပဏီများကိုလည်း အရေးယူဆောင်ရွက်ရန် ဆက်လက်စိစစ်လျက်ရှိသည်ဟု ကြေညာထားပါကြောင်း "

*စာမျက်နှာ ၁၆ မှ*

ထို့ကြောင့် ဘဏ်များ စည်းစနစ်တကျဖြစ်ရေး ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယခုအထိလည်း လုပ်နေရဆဲဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်အများစုသည် ဘဏ်လုပ်ငန်းများနှင့် ပတ်သက်မှု ရှိကြပါကြောင်း၊ အများစုသည် ဘဏ်လုပ်ငန်းပိုင်ရှင်များလည်း ဖြစ်ကြပါကြောင်း၊ တာဝန်ရှိသူများက ခေါ်ယူတွေ့ဆုံကြရခြင်းများ၊ ဆွေးနွေးရခြင်းများ ရှိပါကြောင်း၊ ယင်းကို မျိုးစုံကောလာဟလ ထုတ်လွှင့်နေခြင်း ဖြစ်ပါကြောင်း၊ လက်တွေ့တွင်လည်း ၎င်းတို့အနေဖြင့် ပြည်ပခရီးသွားလာမှုများရှိပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍ စည်းကမ်းနည်းလမ်းမကျစွာ ဆောင်ရွက်နေမှုများ၊ လုပ်ထုံးလုပ်နည်းကို ကျော်လွန်ဆောင်ရွက်နေမှုများကို အစိုးရအနေဖြင့် ပြန်လည်တည့်မတ်လမ်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နေရခြင်းမှာ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အနာဂတ်အတွက်သာဖြစ်ပါကြောင်း၊ ယင်းကဏ္ဍများ၌ စည်းစနစ်တကျ ခိုင်ခိုင်မာမာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းစကားပါးလိုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားရာတွင် ယခုသတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြမည့် အကြောင်းအရာများမှာ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှု အခြေအနေ၊ (ခ) အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ နိုင်ငံရေးပါတီများ စစ်ဆေးခြင်း အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ခဲ့ရာတွင် လုပ်ငန်းစဉ် (၁)ဖြစ်သည့် “မဲစာရင်းများစစ်ဆေးခြင်း အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းစဉ် (၅) ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန်” တို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုက်ရိုက်သက်ဆိုင်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လုပ်ငန်းစဉ် (၁)ဖြစ်သည့် မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲလက်မှတ်များကို စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် ကိန်းဂဏန်းအချက်အလက်များနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်၊ မဲမသမာမှု၊ ဥပဒေ၊ နည်းဥပဒေနှင့်မညီသည့် ဆောင်ရွက်မှုအသေးစိတ်များကို ယခင်သတင်းစာရှင်းလင်းပွဲများတွင် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ၎င်းတို့ကို သင်ခန်းစာယူ သုံးသပ်ပြီး နောင်ကျင်းပမည့်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်များကို အကျဉ်းချုပ်တင်ပြမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အိမ်ထောင်စုလူဦးရေစာရင်းကို လဝကပုံစံ(၆၆/၆)၊ နိုင်ငံသားစိစစ်ရေးကတ် စသည်များနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးမှုမပြုဘဲ ရှိကောက်စနစ်နှင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် မှားယွင်းပြီး မဲမသမာမှုဖြစ်စေသည့် မဲဆန္ဒရှင်စာရင်း ၁၁ ဒသမ ၃ သန်းကျော်(မဲဆန္ဒရှင်ပေါင်း၏ ၂၉ ဒသမ ၅၄ ရာခိုင်နှုန်း) ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါတွင် ပြင်ဆင်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲစာရင်းပြုစုရာတွင် ကော်မရှင်ကသတ်မှတ်ထားသည့် လူဦးရေပုံစံဇယားနှင့်အညီ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လဝကမြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်းကို အခြေခံပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကို ၎င်းတို့ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာ မဲစာရင်းတွင် ထည့်သွင်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းများကို သက်ဆိုင်ရာဌာနအသီးသီးတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းမပြုမီတွင် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ထွေအုပ်၊ မြို့နယ်လဝက၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာမြို့နယ်များတွင်ရှိသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရန် စိစစ်ရမည်ဖြစ်ကြောင်း၊ အလားတူ မဲစာရင်းတွင်တိုးလာမည့် အမည်စာရင်းနှင့် လျော့သွားမည့် အမည်စာရင်းများကို ပုံမှန်စိစစ်ပြုစုပြီး နောင်ရွေးကောက်ပွဲများတွင် အသုံးပြုနိုင်ရန် သက်ဆိုင်ရာဌာနများက ပုံမှန်ပေးပို့လုပ်ဆောင်ရမည့် ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့အတူ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ်-၁၉ ရောဂါ အကြောင်းပြပြီး အသက် ၆၀ နှင့် အထက် မဲဆန္ဒရှင်များကို ကြိုတင်မဲပေးခွင့်ပြုခဲ့သည့်အတွက် ကြိုတင်မဲအရေအတွက်ပေါင်း ၆ သန်းခန့် မဲပေးသူပေါင်း၏ ၂၁ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်း၊ ကြိုတင်မဲပမာဏ လွန်စွာများပြားခဲ့ပြီး ဥပဒေနှင့်အညီ စနစ်တကျ မဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်မဲကောက်ခံခြင်း၊ ကြိုတင်မဲပေးခြင်းများတွင် မဲမသမာမှုဖြစ်စဉ်များစွာ ဖြစ်ပေါ်ခဲ့ရကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများတွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များကို တိကျစွာဖော်ပြထားပြီး ကြိုတင်ဆန္ဒမဲပေးရမည့်နည်းလမ်းများကိုလည်း သတ်မှတ်ထားကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောင်ကျင်းပမည့်အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကိုသာ စိစစ်ပြီး မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းရကြောင်း၊ ထို့ကြောင့် နောင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကဏ္ဍကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင် အသစ်ထပ်တိုးပြီး ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခဲ့ကြသည်များကို စိစစ်သည့်အခါတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဟုတ်/မဟုတ်နှင့် အသက် ၁၈ နှစ် ပြည့်/မပြည့် စိစစ်၍မရသည့် နိုင်ငံသားစိစစ်ရေးကတ်/ လက်မှတ် တစ်မျိုးမျိုးမရှိသည့် မဲဆန္ဒရှင် ၄ ဒသမ ၈ သန်းကျော် မဲစာရင်းတွင်ပါရှိပြီး မဲပေးခဲ့သည်များ၊ မဲဆန္ဒရှင် မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြု၍မရသည့် Voter Slip များ ကိုင်ဆောင်ပြသမဲပေးခဲ့သည်များ တွေ့ရှိရပြီး ဥပဒေနှင့်မညီသည့် မဲပေးမှုဖြစ်စဉ်များစွာ ပေါ်ပေါက်ခဲ့ကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲရုံမှူး (သို့မဟုတ်) ယင်းက တာဝန်ပေးထားသည့် မဲရုံအဖွဲ့ဝင်သည် မဲလက်မှတ်မထုတ်ပေးမီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မှန်/မမှန်ကို မဲစာရင်းပါ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်၊ မဲစာရင်းအမှတ်တို့နှင့် စနစ်တကျ တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်မှသာ လက်မှတ်ရေးထိုးစေ၍ မဲလက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နောင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး နိုင်ငံရေးပါတီများနှင့် လေးကြိမ်တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးခြင်း၊ စာတမ်းဖတ်ကြားခြင်း၊




ရွေးကောက်ပွဲဒီဇိုင်းအပါအဝင် မဲဆန္ဒနယ်သတ်မှတ်ရေးကိစ္စများကို အစုအဖွဲ့အလိုက် စာတမ်းဖတ်ကြားခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဟောသိကံ လေလွင့်ဆုံးရှုံးသည့်မဲများသည့် FPTP စနစ်အစား ရရှိသည့်ထောက်ခံဆန္ဒမဲအချိုးအစားအတိုင်း ရွေးကောက်တင်မြှောက်ခံရမည့် အချိုးကျကိုယ်စားပြုစနစ် (PR)ကို ကျင့်သုံးရန်နှင့် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုအပါအဝင် ရွေးကောက်ပွဲအတွေ့အကြုံတို့အရ ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List PR)ကို ကျင့်သုံးရန် နိုင်ငံရေးပါတီများက သဘောတူခဲ့ပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် လွှတ်တော်အလိုက် ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက် မပြောင်းလဲဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်များပိုင်းခြားသတ်မှတ်ခြင်းနှင့် ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များတွင် သတ်မှတ်ချက်နှင့်အညီ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ တင်မြှောက်ရာတွင် FPTP စနစ်ကိုသာ ယခင်အတိုင်းကျင့်သုံးရန် သဘောတူညီခဲ့ကြကြောင်း။

PR စနစ်ကို ကျင့်သုံးခြင်းအားဖြင့် တိုင်းရင်းသားပါတီများ၊ လူနည်းစုကိုယ်စားပြုပါတီငယ်များအနေဖြင့် မိမိနယ်မြေဒေသအလိုက်ရရှိသည့် ဆန္ဒမဲအရေအတွက်အပေါ်မူတည်၍ ရွေးချယ်ခံရသည့်အခွင့်အရေး ပိုမိုရရှိပြီး လွှတ်တော်အသီးသီးတွင် ကိုယ်စားလှယ်နေရာများ အချိုးကျရရှိကာ မိမိတို့လူမျိုးစုများနှင့် ဒေသအကျိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးဆောင်ရွက်နိုင်ရေး *စာမျက်နှာ ၁၈ သို့*

လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆက်လက်ပြီး ယခင်က ရက်ပေါင်း ၁၈၀ အထက် မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များနှင့် ပတ်သက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နည်းဥပဒေပြင်ဆင်ပြီး ရက်ပေါင်း ၉၀ အထက် မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့ရောက်ရှိရာ မဲဆန္ဒနယ်မဲစာရင်းတွင်ပါဝင်ရန် ပုံစံ( ၃-က )ဖြင့် လျှောက်ထားပြီး ဆန္ဒမဲပေးခွင့်ရရှိသည့်ကိစ္စဖြစ်ကြောင်း၊ ထိုသို့ ခွင့်ပြုခဲ့သည့်အတွက် မဲစာရင်းများရှုပ်ထွေးပြီး ဒေသခံတိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ကန့်ကွက်ခြင်းများစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် နောင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ရက်ပေါင်း ၉၀ မဲဆန္ဒနယ် ပြင်ပရောက်အခြားမဲဆန္ဒရှင်များကို ခွင့်မပြုဘဲ မဲဆန္ဒနယ်ပြင်ပရောက်အခြားမဲဆန္ဒရှင်များသည် မိမိရောက်ရာဒေသတွင် ဆန္ဒမဲပေးလိုပါက မဲစာရင်းထည့်သွင်းခြင်းနှင့်စပ်လျဉ်းပြီး ပါရှိရမည့် အထောက်အထားပုံစံများနှင့်အတူ ရောက်ရှိရာဒေသ၏ အိမ်ထောင်စုလူဦးရေပုံစံ(၆၆/၆)တို့ ပူးတွဲပြီး သတ်မှတ်ရက်အတွင်း လျှောက်ထားမှသာ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်ပြီး မဲပေးခွင့်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။**

ဆက်လက်ပြီး ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအသီးသီးတွင် စုဝေးဟောပြောခြင်း၊ နိုင်ငံရေးပါတီများ၏ မူဝါဒလုပ်ငန်းစဉ်များကို နိုင်ငံပိုင်မီဒီယာများမှ ဟောပြော၊ ထုတ်လွှင့်ဖော်ပြခြင်းများဖြင့် မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် အခွင့်အရေးမညီမျှမှု၊ ကန့်ကွက်တိုင်ကြားမှုများအပါအဝင် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို ကျော်လွန်ဖောက်ဖျက် လုပ်ဆောင်ခဲ့သည်များကို တွေ့ရှိ

## သောင်ရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ် ရောက်နိုင်

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန်

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည့် မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်နှင့် ရေးမြို့နယ်တို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် မုဒုံမြို့နယ်အတွင်း မေ ၂၀ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် မော်လမြိုင်မြို့ပေါ်နှင့် ကော့မခယ်ကျေးရွာတို့တွင် သစ်ပင်များ လဲကျခြင်းနှင့် မုဒုံမြို့နယ် ဝဲကလိကျေးရွာရှိ နေအိမ် ၁၅ လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများ၌ မေ ၂၀ ရက် ညနေပိုင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လဲကျခဲ့သည့် သစ်ပင်သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ကြသည်။

အလားတူ မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကိုးမိုင်ကျေးရွာရှိ အမှတ်(၄)ရပ်ကွက်အတွင်းသို့ ရေများ လေးပေခန့်အထိ ဝင်ရောက်ခဲ့ရာ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြဝတီမြို့၌ ကုန်းတွင်းမုန်တိုင်းနှင့်ပတ်သက်ပြီး အသိပညာပေးဟောပြော

မြဝတီ မေ ၂၁

ယခုလတ်တလော ဖြစ်ပေါ်လျက်ရှိသည့် ကုန်းတွင်းမုန်တိုင်းနှင့်ပတ်သက်ပြီး အသိပညာပေးဟောပြောပွဲကို ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်ရှိ ဓမ္မာရုံတွင် မေ ၂၀ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ မြဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးညဏ်မြင့်က ယခုလတ်တလောဖြစ်ပေါ်လျက်ရှိသည့် ကုန်းတွင်းမုန်တိုင်းနှင့်ပတ်သက်၍ သတိပြုရမည့်အချက်များ၊ ကြိုတင်ဆောင်ရွက်ရမည့်အချက်များ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် ရေဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်အချက်များ၊ ရေဘေးဖြစ်ပေါ်လာပါက ဆောင်ရန်ရှောင်ရန် အချက်များ အသိပညာပေး ပြောကြားသည်။



ထို့နောက် မြဝတီခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇော်မင်းသန်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ မြို့နယ်တပ်ဖွဲ့မှူး ဦးအောင်သွင်ဦးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် အသိပညာပေး ဟောပြောသည်။ **(အပေါ်ပုံ)**

မြဝတီမြို့သည် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံ နယ်နိမိတ်ပိုင်းခြားထားသည့် သောင်ရင်းမြစ်ဘေးတည်ရှိရာ နယ်စပ်မြို့ တစ်မြို့ဖြစ်သည့်အတွက် မိုးတွင်းကာလများတွင် သောင်ရင်းမြစ်ရေလျှံတတ်ပြီး ရေကြီးမှုများ ဖြစ်ပွားလေ့ရှိသည့်အတွက် ယခုကဲ့သို့ အသိပညာပေးဟောပြောခြင်းဖြစ်ကြောင်း မြဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်တွင် မိုးသက်လေပြင်းတိုက်မှုကြောင့် လူနေအိမ် ၂၉ လုံး အမိုးလန်ပျက်စီးပြီး နေအိမ်နှစ်လုံး ပြိုလဲမှုဖြစ်ပွား

နတ်တလင်း မေ ၂၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် မိုးသက်လေပြင်းတိုက်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီးခဲ့ပြီး ပြိုလဲမှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

နတ်တလင်းမြို့နယ်အတွင်း ယမန်နေ့က မိုးသက်လေပြင်းများ ရွာသွန်းတိုက်မှုကြောင့် မြို့မရပ်ကွက်တွင် အမိုးလန်နေအိမ် ၁၁ လုံးနှင့် ရွာမရပ်ကွက်တွင် အမိုးလန်နေအိမ် လေးလုံး၊ ပြိုလဲနေအိမ်တစ်လုံး ဇီးကုန်းကလေးရပ်ကွက်တွင် အမိုးလန်နေအိမ် ၁၄လုံးနှင့် ပြိုလဲနေအိမ် တစ်လုံးတို့ ပျက်စီးကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းများ ရွာသွန်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးခြင်း မရှိကြောင်းနှင့် လေဘေးသင့် မိသားစုများအား တာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

*စာမျက်နှာ ၁၇ မှ*

ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းကာလများတွင် ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်းသည့် ကန့်ကွက်လွှာများ အလွန်များပြားသည့်ကိစ္စဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၁)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲစာရင်းများ၊ မဲလက်မှတ်များ စစ်ဆေးခြင်းအပါအဝင် ရွေးကောက်ပွဲဖြစ်စဉ်များကို စစ်ဆေးဖော်ထုတ်ချက်အရ ထပ်မံတွေ့ရှိသည့် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုနှင့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကိုလည်း ပြီးခဲ့သည့်သတင်းစာရှင်းလင်းပွဲများတွင် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အလားတူမဖြစ်စေရန်အတွက် မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအပါအဝင် ရွေးကောက်ပွဲနှင့် ပတ်သက်သူအားလုံးကို မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် ပြည်သူလူထုအသိပညာပေးခြင်း( Voter and Civic Education )များကို ကျယ်ကျယ်ပြန့်ပြန့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ နိုင်ငံရေးပါတီများစစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများမှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ကို အခြေခံပြုစုထားသည့် စာရင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ကောက်ယူပြုစုထားသည့် မြေပြင်လူဦးရေစာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကို တိုင်းဒေသကြီး / ပြည်နယ်အသီးသီးရှိ မြို့နယ် ၃၂၅ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ ဆောင်ရွက်ပြီး ၃၃ မြို့နယ်၊ ဆောင်ရွက်ဆဲ ၂၆၄ မြို့နယ်နှင့် ဆောင်ရွက်ရန်ကျန် ၂၈ မြို့နယ်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံရေးပါတီများ စစ်ဆေးခြင်းနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီ၏ စာရင်းများကို စစ်ဆေးလျက်ရှိရာ လက်ရှိစစ်ဆေးရန်ကျန် ၁၀ ပါတီဖြစ်ပါကြောင်း၊ ၎င်းပါတီများအနက် တချို့ပါတီများ၏စာရင်းများကို စစ်ဆေးရန် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆက်သွယ်မရဘဲ၊ တိမ်းရှောင်နေသည့် ပါတီအချို့လည်းရှိကြောင်း၊ စစ်ဆေးရန်ကျန်သည့် တချို့ပါတီများအနေဖြင့် နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာအခက်အခဲရှိသည်ကို သိရသည့်အတွက် ယင်းပါတီနှင့် ဆက်လက်ညှိနှိုင်းပြီး စစ်ဆေးရေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီအနေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (က)နှင့်အညီ စစ်ဆေးခံရန်ကာလ သတ်မှတ်၍ ညွှန်ကြားခဲ့သော်လည်း ထပ်မံပျက်ကွက်သည့်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ၂၄ (ဂ) အရ ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို (၁) နှစ် ယာယီရပ်ဆိုင်းရန်နှင့် ယာယီရပ်ဆိုင်းထားသည့်ကာလအတွင်း ကော်မရှင်ကညွှန်ကြားထားသော ပါတီပိုင်ရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းစာရင်းများ စစ်ဆေးခံနိုင်ရေး ဆောင်ရွက်ခြင်းမှအပ ကျန်လုပ်ငန်းများရပ်ဆိုင်းထားရန်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (ဃ) အရ ညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များနှင့် စစ်ဆေးတွေ့ရှိသည့် ချို့ယွင်းအားနည်းချက်များကို သုံးသပ်၍လည်းကောင်း၊ နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးတွေ့ရှိချက်များအရလည်းကောင်း၊ မြန်မာနိုင်ငံနှင့်သင့်လျော်သော ရွေးကောက်ပွဲစနစ်ဖြစ်သည့် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးနိုင်ရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ လုပ်ငန်းစဉ်(၁) ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၁)ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# သတိပြုထိန်းသိမ်းကြရမည့် မြေဆီလွှာတိုက်စားခြင်း


**မာရီးထွေး**
**(စိုက်ပျိုးရေးဦးစီးဌာန)**

**မြေဆီလွှာသည် အစားထိုးမရသည့် သဘာဝအရင်းအမြစ်ဖြစ်ပြီး သီးနှံပင်များ ရှင်သန်ပေါက်ရောက်နိုင်သော သတ္တုဓာတ်၊ သစ်ဆွေးဓာတ်နှင့် ရေပေါက် လေပေါက်တို့ဖြင့် အချိုးကျကျဖွဲ့စည်းထားသည့် ကမ္ဘာ့အပေါ်ဆုံး မြေအလွှာဖြစ်သည်။ ယင်း အပေါ်ယံမြေဆီလွှာဖြစ်ပေါ်မှုကို မိခင်ကျောက်သား၊ ရာသီဥတု၊ သက်ရှိများ/ သဘာဝပေါက်ပင်များ၊ မြေမျက်နှာသွင်ပြင်နှင့် အချိန်တို့က လွှမ်းမိုးမှုရှိသည်။**

မြေဆီလွှာသည် အပင်များကြီးထွားကုပ်တွယ်နိုင်စေရန် လည်းကောင်း၊ လူအပါအဝင်သက်ရှိများ နေထိုင်ရာကြားခံ (Media) အဖြစ်လည်းကောင်း၊ အပင်၊ အပင်အာဟာရနှင့် သက်ရှိတို့၏ စွန့်ပစ်ပစ္စည်း၊ အဆိပ်အတောက်ရှိ ပစ္စည်းများကို ဆွေးမြည့်စေခြင်းကို လည်းကောင်း၊ မြေအောက်ရေကို ထိန်းထားပြီး သန့်စင်ရေးလုပ်ငန်းများကို လည်းကောင်း၊ လေထုအတွင်း ဓာတ်ငွေ့များဖလှယ်ခြင်းဖြင့် လေထုကို ထိန်းညှိပေးခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးနေသည်။

FAO အဖွဲ့၏ ၂၀၁၉ ခုနှစ် Global Symposium on Soil Erosion (GSER19) အရ ကမ္ဘာ့အပေါ်ယံမြေဆီလွှာ (၂-၃) စင်တီမီတာဖြစ်ပေါ်ရန် နှစ်ပေါင်း ၁၀၀၀ ခန့် ကြာမြင့်နိုင်သည်။ ထို့ကြောင့် ထွန်ယက်စိုက်ပျိုးနိုင်သော အပေါ်ယံမြေဆီလွှာတစ်ခုဖြစ်ပေါ်ရန် နှစ်ပေါင်း ၁၀၀၀၀ နီးပါး ကြာမြင့်နိုင်သည်။ ကမ္ဘာ့မြေဆီလွှာ၏ ၃၃ ရာခိုင်နှုန်းသည် တိုက်စားပျက်စီးမှုများ ဖြစ်ပေါ်နေပြီး လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ၉၀ ရာခိုင်နှုန်းအထိ တိုက်စားလာနိုင်ကြောင်း၊ လက်ရှိတွင် စက္ကန့်တိုင်း၌ ဘောလုံးကွင်းတစ်ကွင်းစာနှင့်ညီမျှသော မြေဆီလွှာပမာဏကို ဆုံးရှုံးနေကြောင်း (FAO and ITPS, 2015) မှသတိပေးဖော်ပြထားသည်။

မြေဆီလွှာတိုက်စားခြင်းဖြစ်စဉ် (Stitcher, 2010)




ပုံ (a) မြေဆီလွှာကို မိုးရေပေါက်ထိမှန်ခြင်း။ ပုံ (b) မိုးပေါက်ထိမှန်၍ မြေမှုန်များ ပျက်စီးခြင်း
ပုံ (c) မိုးရေကြောင့် မြေမှုန်များ ကွဲထွက်/ရွေ့လျား အနည်ကျခြင်း

**မြေဆီလွှာတိုက်စားခြင်းဆိုသည်မှာ**

ထို့ကြောင့် စာရေးသူတို့အားလုံး မြေဆီလွှာတိုက်စားခြင်းဆိုတာဘာလဲ ဆိုသည်ကိုသိရှိရန် လိုအပ်လာပါသည်။ သို့မှသာ စာရေးသူတို့ဘိုးဘွားပိုင် သဘာဝသယံဇာတများကို ထိန်းသိမ်းကာကွယ်ရန်၊ ဖြေရှင်းရန် နည်းလမ်းများကို သိရှိဆောင်ရွက်နိုင်မည်ဖြစ်သည်။

"မြေဆီလွှာတိုက်စားခြင်း" ဆိုသည်မှာ မြေမှုန်များကို လေ၊ ရေ သို့မဟုတ် သက်ရှိများ၊ မိုးရေပေါက်များ ထိမှန်ပြီး မြေမှုန်များကွဲထွက်၍ ယင်းအရာဝတ္ထုများ၏ သယ်ဆောင်မှုဖြင့် နေရာတစ်ခုမှ အခြားနေရာတစ်ခုသို့ ရွေ့လျားခြင်း သို့မဟုတ် အနည်ကျခြင်းဖြစ်စဉ်ဖြစ်သည်။ မြေဆီလွှာတိုက်စားခြင်းတွင် လူတို့၏လုပ်ဆောင်ချက်ကြောင့်မဟုတ်ဘဲ သဘာဝအတိုင်း ဖြစ်ပေါ်လာသည့် သဘာဝမြေဆီလွှာ တိုက်စားခြင်း (Geologic soil erosion) နှင့် လူတို့၏ လုပ်ဆောင်ချက် သို့မဟုတ် အနှောင့်အယှက်ပေးမှု (ဥပမာအားဖြင့် ထွန်ယက်စိုက်ပျိုးခြင်း၊ သစ်တောများခုတ်ထွင်မှု) ကြောင့် ဖြစ်ပေါ်လာသည့် အရှိန်ပြင်း မြေဆီလွှာတိုက်စားခြင်း (Accelerated soil erosion)ဟု နှစ်မျိုးရှိသည်။

> ❋ လေ့လာတွေ့ရှိချက်များအရ လူတို့၏ မြေယာအသုံးချမှုပုံစံများကြောင့် မြေဆီလွှာဆုံးရှုံးမှုသည် သဘာဝမြေဆီလွှာတိုက်စားခြင်း၏ အဆ ၁၀၀ မှ ၁၀၀၀ အထိရှိနေပါသည်။ ထို့ပြင် စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ရေ၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် ပေါင်းသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းတို့ကြောင့် မြေဆီလွှာနှင့် မြေအောက်ရေအတွင်း အဆိပ်ရှိပစ္စည်းများ၊ Heavy metal များနှင့် ဓာတုပစ္စည်းများဖြင့် ညစ်ညမ်းမှုများသည်လည်း မြေဆီလွှာကိုပျက်စီးစေသော အကြောင်းရင်းများဖြစ်သည်




သဘာဝအတိုင်းဖြစ်သည့် မြေဆီလွှာတိုက်စားခြင်း




လူတို့ ထွန်ယက်စိုက်ပျိုးမှုကြောင့် မြေဆီလွှာတိုက်စားခြင်း

မြေဆီလွှာ တိုက်စားခြင်းကြောင့် မြစ်ချောင်း၊ ဆည်ကန်များတွင် နုန်းပို့ချခြင်း၊ ရေသွင်းစိုက်ပျိုးသည့် နေရာများတွင် အခက်အခဲဖြစ်လာခြင်း၊ ရေလွှမ်းခြင်း၊ ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာခြင်း၊ မြေဆီလွှာအာဟာရဓာတ်များလျော့နည်းလာပြီး မြေဆီလွှာ အရည်အသွေး ကျဆင်းလာခြင်း၊ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ (Soil Physical Properties) ဖြစ်သော မြေမှုန်ပေါင်းစပ်မှု၊ မြေသားတည်ဆောက်မှု၊ ဓာတ်ဂုဏ်သတ္တိ (Chemical Properties) ဖြစ်သော မြေချဉ်/ ငန်၊ ဓာတ်ဖို ဖလှယ်နိုင်စွမ်းအားနှင့် ဇီဝဂုဏ်သတ္တိ (Soil Biological Properties) ဖြစ်သော မြေတွင်းရှိ သက်ရှိများ/အဏုဇီဝသက်ရှိများပါဝင်မှုစသည်တို့ လျော့နည်းလာပြီး မြေဆီလွှာ၏ ထုတ်လုပ်နိုင်စွမ်းအား ကျဆင်းလာသဖြင့် သီးနှံအထွက်နှုန်း ကျဆင်းနိုင်ပါသည်။

**မြေဆီလွှာတိုက်စားခြင်း၏ လက္ခဏာများ**

မြေဆီလွှာ တိုက်စားခြင်း၏ ပထမဆုံးလက္ခဏာမှာ သာမန်မျက်စိဖြင့်မြင်နိုင်သော မြေဆီလွှာအရောင်ပြောင်းလဲခြင်းဖြစ်ပြီး သစ်ဆွေးဓာတ်များသဖြင့် အရောင်ရင့်ရာမှ တဖြည်းဖြည်း အရောင်ဖျော့လာခြင်း၊ မြေဆီလွှာတိုက်စားမှုကြောင့် မြေဆီလွှာထဲတွင် နိုက်ထရိုဂျင်ဓာတ်နည်းပါးလာသဖြင့် သဘာဝပေါက်ပင်များ နည်းပါလာပြီး အပင်အရောင်များစိမ်းရာမှ အဝါရောင်ပြောင်းလာခြင်း၊ အပေါ်ယံမြေဆီလွှာများ တိုက်စားခြင်းကြောင့် အောက်ခံကျောက်သားများပေါ်လာပြီး ကျောက်သားအရွယ်အစား ကြီးလာခြင်း၊ ပေါင်းမြက်မျိုးစိတ်များလာပြီး မျိုးစိတ်အသစ်များပေါက်လာခြင်းနှင့် ပေါင်းမြက်ကျရောက်မှု (Weed Density) များလာခြင်းတို့ ဖြစ်သည်။

လေ့လာတွေ့ရှိချက်များအရ လူတို့၏ မြေယာအသုံးချမှု ပုံစံများကြောင့် မြေဆီလွှာဆုံးရှုံးမှုသည် သဘာဝမြေဆီလွှာတိုက်စားခြင်း၏ အဆ ၁၀၀ မှ ၁၀၀၀ အထိ ရှိနေပါသည်။ ထို့ပြင် စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ရေ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် ပေါင်းသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းတို့ကြောင့် မြေဆီလွှာနှင့် မြေအောက်ရေအတွင်း အဆိပ်ရှိပစ္စည်းများ၊ Heavy metal များနှင့် ဓာတုပစ္စည်းများဖြင့် ညစ်ညမ်းမှုများသည်လည်း မြေဆီလွှာကို ပျက်စီးစေသော အကြောင်းရင်းများ ဖြစ်သည့်အတွက် ယနေ့ကမ္ဘာတစ်ဝန်းတွင် မြေဆီလွှာတိုက်စားခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကပြဿနာတစ်ခုအဖြစ် ခြိမ်းခြောက်လျက်ရှိသည်။ ထို့ကြောင့် အစားထိုးမရနိုင်သော သဘာဝအရင်းအမြစ်သယံဇာတဖြစ်သည့် မြေဆီလွှာကို တန်ဖိုးထား ဂရုစိုက်ကာကွယ်ကြရန် လိုအပ်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

---

## တကောင်းမြို့နယ်အတွင်း ငါးသယံဇာတ ထိန်းသိမ်းရေး ကွင်းဆင်း ဆောင်ရွက်

နေပြည်တော် မေ ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းသည် စဥ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးနေလင်း၊ မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှိုင်ဝင်းသန်းနှင့် ဝန်ထမ်းများနှင့်အတူ မေ ၁၈ ရက်က တကောင်းမြို့နယ်သို့ သွားရောက်ခဲ့ပြီး ငါးရစ်ငါးသန်ကာလဖြစ်သည့် မေလ၊ ဇွန်လ၊ ဇူလိုင်လများသည် ငါးများ ဥချသားပေါက်ရာကာလဖြစ်သည့်အတွက် ငါးဖမ်းဆီးခြင်းမပြုကြရန် ရေလုပ်သားများအား အသိပညာပေး ရှင်းလင်းပြောကြားကာ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

**သတင်းစဉ်**

## အိန္ဒိယငွေကြေးဈေးကျမှုကြောင့် မတ်ပဲဈေးကျဆင်းနေ

**ရန်ကုန်  မေ ၂၁**

မတ်ပဲဈေးကွက်အတွင်း ဈေးနှုန်းကျဆင်းမှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး ဈေးမြင့်နှုန်းဖြင့် ဝယ်ယူထားသည့် ကုန်သည်များ စိုးရိမ်ပူပန်မှုရှိနေကြောင်းသိရသည်။ မေလဆန်းမှစတင်၍ ဈေးနှုန်းအကျဘက် ဦးတည်လာသည့် မတ်ပဲသည် ယခုသီတင်းပတ်အတွင်း တစ်တန်လျှင် ကျပ်အထိ ဈေးနှုန်းကျဆင်းလာနေသည်။

ပြည်တွင်းငွေကြေးလဲလှယ်နှုန်းများ ကန့်သတ်မှုကြောင့် ပဲဝယ်လိုအားကျဆင်းသွားကာ ပြည်ပပို့ကုန်များမှာလည်း အမှာရှိသရွေ့သာ အရောင်းအဝယ်ဖြစ်နေပြီး လိုအပ်မှသာ အရောင်းအဝယ်ပြုလုပ်ကြသည်ကိုလည်း မြင်တွေ့ရသည်။ လာမည့် သီတင်းပတ်အတွင်း မတ်ပဲဈေးများ ဆက်လက်ကျဆင်းလာနိုင်ပြီး ကျဆင်းလာနိုင်ခြေအနက် အိန္ဒိယငွေကြေးဈေး ကျဆင်းလာခြင်းသည်လည်း မတ်ပဲဈေးကို အဓိကထိခိုက်မှုရှိကြောင်း ကုန်သည်များထံမှ သိရသည်။

"ဈေးက လက်ရှိမှာတော့ ကျနေတယ်လို့ ပြောရင်ရပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းရှိနေပြီး ဈေးနှုန်းက အတက်အကျရှိနေရာကနေ အခုတော့ အကျဘက်ဦးတည်နေတယ်။ ပြီးခဲ့တဲ့ အပတ်က တစ်တန်ကို ၁၄ သိန်းစွန်းစွန်းပဲ ဈေးပေါက်ပြီး အခုတော့ ၁၄ သိန်းအောက်ကို ကျဆင်းလာနေတယ်" ဟု မတ်ပဲရောင်းဝယ်သူ ကိုကျော်ကျော်လွင်က ဆိုသည်။

**သီရိ**



## မြို့သစ်မြို့၌ ခရမ်းချဉ်သီးဈေးကွက်အနည်းငယ်မြင့်တက်လာ၍ တောင်သူများ အဆင်ပြေ



**မြို့သစ်  မေ ၂၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ထိုင်ဝမ်ခရမ်းချဉ်သီးမျိုး တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်မှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသကဲ့သို့ လက်ရှိအချိန်တွင် ဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ်မြင့်တက်လာ၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြို့သစ်မြို့နယ်တွင် ထိုင်ဝမ်ခရမ်းချဉ်သီး တိုင်ထောင်မျိုးများကို တောင်သူများက တစ်ပိုင်တစ်နိုင် ထုတ်လုပ်ရောင်းချလျက်ရှိပြီး လက်ရှိဈေးကွက်အတွင်းသို့ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၈၀၀ ဈေးနှုန်းများဖြင့် ရောင်းချနေရကြောင်း၊ ခရမ်းချဉ်သီးများသည် ကိုင်းစိုက်ခင်း၊ ကုန်းစိုက်ခင်းများမှ ထွက်ရှိသော်လည်း ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းလာသည့်အတွက် ထိုင်ဝမ်ခရမ်းချဉ်သီးများ ဈေးနှုန်းအနည်းငယ်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

မြို့သစ်မြို့နယ်၌ ယခင်က ခရမ်းချဉ်ကို ဆောင်းကာလအတွင်း၌သာ ဒေသမျိုးကို စိုက်ပျိုးကြပြီး မိုးတွင်းကာလနှင့်နွေရာသီကာလများတွင် ခရမ်းချဉ်သီးရှားပါးသဖြင့် ခရမ်းချဉ်သီးအစား ဒေသထွက် ဆီးသီးနှင့် မန်ကျည်းသီးမှည့်တို့ဖြင့် နေ့စဉ်စားသောက်ဖွယ်ဟင်းများချက်ပြုတ်ရာတွင် ဟင်းအနှစ်ရရှိရန် ထည့်သွင်းချက်ပြုတ် စားသောက်ခဲ့ရကြောင်း၊ လွန်ခဲ့သော ၁၀နှစ်ဝန်းကျင်ခန့်မှ တောင်သူအချင်းချင်းချိတ်ဆက် နည်းပညာရယူလေ့လာ၍ မြေအောက်ရေအသုံးပြုကာ ထိုင်ဝမ်ခရမ်းချဉ် တိုင်ထောင်မျိုးများကို ရာသီမရွေး စတင်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုင်ဝမ်ခရမ်းချဉ်စိုက်ပျိုးရာတွင် သွင်းအားစုကုန်ကျစရိတ်အနေဖြင့် မြေပြင်ချိန်မှ ခူးဆွတ်သည့်အချိန်အထိ ကျပ်နှစ်သိန်းခွဲဝန်းကျင်ကုန်ကျသကဲ့သို့ ယခုနှစ်တွင် ဈေးနှုန်းမြင့်တက်မှုများရှိသည့်အတွက် ယခင်စိုက်ပျိုးမှုများထက် သွင်းအားစုစရိတ်ပိုများသော်လည်း ယခုအခါ ခရမ်းချဉ်သီးဈေးများမှာ တစ်ပိဿာလျှင် ကျပ် ၅၀၀ ဈေးအထက် ရောင်းချလာရသဖြင့် တောင်သူများ အဆင်ပြေကြောင်း ခရမ်းချဉ်စိုက်ပျိုးသူတစ်ဦးက ပြောသည်။

**သန်းဝင်းထွန်း**
**(ပြန်/ဆက်)**

## ခါမ်းပါတ်မြို့ လိုင်ချီးသီးများ ဈေးကောင်းရရှိရန်မျှော်လင့်

**ခါမ်းပါတ်  မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခါမ်းပါတ်မြို့ နန်းခေါက်ခေါက်ကျေးရွာမှ ဥယျာဉ်ခြံများတွင် လိုင်ချီးသီးများ ဆွတ်ခူးရောင်းချရန် အဆင်သင့်ဖြစ်နေပြီး ဈေးကောင်းရရှိနိုင်ရေး တောင်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ရောင်းလောက်အောင်တော့ သည်နှစ်မှ သီးတာပါ၊ မနှစ်က သီးတာလေးကတော့ နည်းနည်းပါးပါးပေါ့။

အားလုံးအပင် ၃၀၀ စိုက်ထားတယ်။ အသီးတင်တာကတော့ နည်းတယ်။ ဘယ်လိုရောင်းမလဲဆိုတာတော့ မသိသေးဘူး။ ခြံပြတ်ဝယ်သူရှိရင်လည်း ခြံပြတ်ရောင်းမှာပါ။

အခုတော့ အိတ်လေးတွေနဲ့ထည့်ပြီး တစ်ထုပ် ကျပ် ၁၀၀၀ နဲ့ ရောင်းနေတယ်။ ကိုယ့်လုပ်အားနဲ့ စိုက်ထားခဲ့တဲ့ အသီးအပွင့်ဆိုတော့ ဈေးကောင်းရချင်ပါတယ်" ဟု ခြံပိုင်ရှင်တစ်ဦးဖြစ်သူ ဦးပီတာက ပြောသည်။

ထို့အပြင် နှစ်ရှည်သီးနှံပင်များဖြစ်သည့် မျောက်ငို၊ သရက်၊ လိမ္မော်၊ ကော်ဖီပင်များကိုလည်း လိုင်ချီးပင်များကြားထဲတွင် ထည့်သွင်းစိုက်ပျိုးနိုင်ကြောင်း၊ လိုင်ချီးပင်များကြားတွင် ကော်ဖီပင် ၅၀၀ နှင့် လိမ္မော်ပင် ၄၀၀ ကို စိုက်ပျိုးထားပြီး ဥယျာဉ်ခြံအတွင်း ရာသီစာသီးနှံတို့ကို အမျိုးစုံစွာ စိုက်ပျိုးထားရှိခြင်းဖြင့် ဝင်ငွေပုံမှန်ရရှိနေမည် ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။



**ဝိဇ္ဇာမောင်**

## ပုတော၌ ငါးရစ်ငါးသန်ကာလ ငါးသယံဇာတထိန်းသိမ်းရေး အသိပေးလှုံ့ဆော်

**ပုတော  မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်၌ မိုးဦးကျ ငါးရစ်ငါးသန်ကာလ ငါးသယံဇာတထိန်းသိမ်းရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်တာဝန်ခံဒေါ်ဝင်းဝင်းခိုင်နှင့် ဝန်ထမ်းများက ပုတောမြို့ ငဝန်မြစ်ကြောင်းတစ်လျှောက် ချောင်းများ၊ ချောင်းလက်တက်များ၌ မေ ၁၉ ရက်က လိုက်လံအသိပေးလှုံ့ဆော်ခဲ့သည်။

အသိပေးလှုံ့ဆော်ရာတွင် မိုးဦးကျကာလ၌ သဘာဝမြစ်ချောင်း အင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးရိက္ခာဖူလုံစေရေးအတွက် ငါးရစ်ငါးသန်ကာလဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးဖမ်းဆီးမှုများ မပြုလုပ်ကြရန်နှင့် တားမြစ်ကာလအတွင်း ငါးဖမ်းဆီးခြင်းများပြုလုပ်ပါက ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို ရေလုပ်ငန်းလုပ်ကိုင်နေကြသော ရေလုပ်သားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ငဝန်မြစ်ကြောင်းတစ်လျှောက် အသံချဲ့စက်ဖြင့် လိုက်လံကြေညာခဲ့ခြင်းဖြစ်သည်။

**မောင်မောင်မြင့်(ပုသိမ်)**



## ပွင့်ဖြူမြို့နယ်၌ တစ်ပိုင်တစ်နိုင် သိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**ပွင့်ဖြူ  မေ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်၍ မိသားစုဝင်ငွေတိုးပွားရေးအတွက် တစ်ပိုင်တစ်နိုင်သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းကိုလည်း လုပ်ကိုင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ရောင်းချရာတွင်လည်း ဈေးကောင်းရရှိ၍ အဆင်ပြေနေကြကြောင်း ကံသာကြီးကျေးရွာအုပ်စုမှ ဒေသခံတောင်သူများထံမှ သိရသည်။

သိုး၊ ဆိတ် မွေးမြူရေးလုပ်ရာတွင် လွတ်ကျောင်းစနစ်ဖြင့် မွေးမြူနိုင်သည့်အတွက် အစာဖိုးကုန်ကျစရိတ် သက်သာပြီး သိုး၊ ဆိတ်များသည် တစ်နှစ်လျှင် အနည်းဆုံး နှစ်ကောင်နှုန်းပေါက်ဖွားလေ့ရှိကာ အကျိုးဖြစ်ထွန်းပါက လေးကောင်အထိ ပေါက်ဖွားလေ့ရှိကြောင်း သိရသည်။

"ကျွန်တော်က စိုက်ပျိုးရေးလုပ်ငန်းနဲ့တွဲဖက်ပြီး တစ်ပိုင်တစ်နိုင် သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လာတာ တစ်နှစ်ခွဲလောက်ရှိပါပြီ။ သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းက လွတ်ကျောင်းစနစ်နဲ့ လုပ်နိုင်တဲ့အတွက် အစာဖိုးကုန်ကျစရိတ် သက်သာတယ်။ ဒါပေမယ့် ရာသီဥတုအခြေအနေအပေါ်မူတည်ပြီး ရေကြည်ရာမြက်နုရာဆိုသလို သိုး၊ ဆိတ်ခြံတွေကို ပြောင်းရွှေ့မွေးမြူရပါတယ်" ဟု လယ်ဖီလာကျေးရွာမှ သိုး၊ ဆိတ် မွေးမြူရေးလုပ်ကိုင်သူ ဦးမောင်လွင်က ပြောသည်။

ဈေးကွက်အခြေအနေနှင့် ပတ်သက်၍လည်း "သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းကို နိုင်ငံတော်ကလည်း ပြည်တွင်း၊ ပြည်ပဈေးကွက် တရားဝင်လွတ်လပ်စွာရောင်းဝယ်ခွင့် ခွင့်ပြုပေးထားတဲ့အတွက် ရောင်းသူဝယ်သူအဆင်ပြေပါတယ်။ ကျွန်တော်တို့ ကျေးလက်နေ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းနဲ့တွဲဖက်ပြီး တစ်ပိုင်တစ်နိုင် သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းလုပ်တာဟာ မိသားစု အပိုဝင်ငွေရရှိပြီး အဆင်ပြေကြပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်းဆင်း



**နေပြည်တော် မေ ၂၁**

ဌာန၏လုပ်ငန်းများကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်း (၁/၂၀၂၂) ဆင်းပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ မေ ၂၀ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းအမှာစကားပြောကြား၍ သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ အဆိုပါ အရာရှိစွမ်းရည်မြှင့်သင်တန်း (၁/၂၀၂၂) ကို နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လက်ထောက်ညွှန်ကြားရေးမှူး ၃၄ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာ သိန်းဇော် (ရွှေလီဦး)၏ "ဖားဝိဇ္ဇာနှင့် ကျေးရွာအလှဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၃ ပုဒ်ပါရှိပြီး ကျေးလက်ဒေသ လူနေမှုဘဝ၊ ရပ်ဝေးလှ ရွာဝေး၊ အသက်မွေးမှု နိစ္စဓူဝအစုစုကို လှလှပပ ပုံရိပ်ကြွလာစေရန် ဟာသထွေလုံး၊ ပြုံးစိစိစကားလုံးလေးများဖြင့် ခြယ်မှုန်းထားသည်။ ခေတ်မမီတော့သည့် အကျိုးမဲ့ယုံကြည် စွဲလမ်းမှုများကို ပယ်ပျောက်စေပြီး သိပ္ပံနည်းကျအကျိုးပြု ခေတ်မီနည်းလမ်းများ၊ အတွေးအခေါ်များဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ညီညာဖြဖြ လူငယ်အချင်းချင်း စာနာရိုင်းပင်း ကူညီလှူဒါန်းကြပုံများကို ဝတ္ထုတိုတစ်ပုဒ်ချင်းအလိုက် အံဝင်ခွင်ကျ ရေးသားပါ၏။ မြိုးကြွစွာ ဖော်ကျူးရေးသားထားသည်။ ထို့ပြင် ကျေးလက်သဘာဝ၊ သိမှတ်စရာသုတများကိုပါ ဝိပြင်ပေါ်လွင်စေပြီး ကြည်နူးပီတိခံစားရစေသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၂၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၃၄၄၈)၊ အမှတ် (ဇ- ၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၃၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၁၀၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၃၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တာမွေမြို့နယ်တွင် အသက်သုံးနှစ်မှ ခုနစ်နှစ်အထိ ကလေးငယ်များအား ဆုံဆို့မေးခိုင်ကာကွယ်ဆေး ထိုးနှံပေး



**တာမွေ မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ကူးစက်ဖြစ်ပွားမှု မြင့်မားလာခြင်းမရှိစေရေးအတွက် မြို့နယ်အတွင်းရှိ အသက်သုံးနှစ်မှ ခုနစ်နှစ်အထိ ကလေးငယ်များအား ဆုံဆို့မေးခိုင်ကာကွယ်ဆေး (DT) အမီလိုက် (catch-up) ထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန) ရုံးဝင်းအတွင်း၌ မေ ၂၀ ရက်က ကွင်းဆင်းထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုးအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တာမွေမြို့နယ်တွင် ဆုံဆို့မေးခိုင်ကာကွယ်ဆေးကို တာမွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ကွင်းဆင်းထိုးနှံပေးလျက်ရှိရာ ယနေ့အထိ မြို့နယ်အတွင်းရှိ အသက်သုံးနှစ်မှ ခုနစ်နှစ်အထိ ကလေးငယ် ၈၄ ဦးအား ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

## မြင်းမူမြို့မ သစ်တောပျိုးဥယျာဉ်မှ ပျိုးပင်ပေါင်း ၃၃၀၀၀ ကို ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးမည်

**မြင်းမူ မေ ၂၁**

စစ်ကိုင်းခရိုင် မြင်းမူမြို့ သစ်တောဦးစီးဌာနရှိ မြို့မပျိုးဥယျာဉ်တွင် ဒေသနှင့် ကိုက်ညီသည့် ပျိုးပင်များ ပျိုးထောင်ထားရှိပြီး ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံပြည်သူများ အခမဲ့ရယူ စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၃၃၀၀၀ စိုက်ပျိုးထားပြီး မေ ၁၅ ရက်မှစ၍ ပြည်သူများထံ ဖြန့်ချိပေးလျက်ရှိကြောင်း၊ ထို့ပြင် မြို့ပြင်ကားလမ်းဝဲယာများတွင်လည်း တစ်အုပ်တစ်မ စိုက်ခင်းများအဖြစ် စိုက်ပျိုးပေးလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောအုပ် ဦးမင်းဇော်ဆန်းထံမှ သိရသည်။

ပျိုးပင်အမျိုးအစားများမှာ ကျွန်း၊ ယူကလစ်၊ တမာ၊ မဲဇလီ၊ မန်ကျည်း၊ မဟော်ဂနီ၊ ယင်းမာ၊ စိန်ပန်းနှင့် လျှော်ဖြူ ပျိုးပင်ပေါင်း ၃၃၀၀၀ ဖြစ်ပြီး ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ကျေးရွာများရှိ ဒေသခံပြည်သူများထံ ဇွန် ၃၀ ရက်အထိ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**




## ညောင်လေးပင်မြို့နယ်၌ ဂရန်အင်းများလေလံတင်ရောင်းချ

**ညောင်လေးပင် မေ ၂၁**

ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ၂၀၂၂-၂၀၂၃ လုပ်ငန်းရာသီနှစ် ဂရန်အင်းများ (ပထမ) အကြိမ်လေလံတင်ရောင်းချခြင်းနှင့် တင်ဒါချက်များ (ပထမ) အကြိမ် အိတ်ဖွင့်တင်ဒါရောင်းချပွဲကို မေ ၁၉ ရက်က ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ပြုလုပ်သည်။

လေလံပွဲတွင် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ဝင်းက လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်က လေလံပါ ကြေငြာစည်းကမ်းချက်များကို ရှင်းလင်းဖတ်ကြားကာ ဂရန်အင်းလေလံများနှင့် တင်ဒါချက်များ အိတ်ဖွင့်တင်ဒါရောင်းချရာ ရောင်းချရန်ဂရန်အင်း ၂၀ ရှိသည့်အနက် ရှစ်အင်းနှင့် တင်ဒါချက် ၁၄ ချက်ရှိသည့်အနက် တင်ဒါချက် ရှစ်ချက်တို့ကို ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## နောင်ချိုမြို့နယ်၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**နောင်ချို မေ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်အတွင်းမှ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေ ၁၆ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

နောင်ချိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်မန်နေဂျာ ဦးဇော်နိုင်ဦးနှင့် ဝန်ထမ်းများက ထုတ်ချေးပေးနေခြင်းဖြစ်ပြီး မေ ၁၆ ရက်မှ ၁၉ ရက်အတွင်း ကျေးရွာအုပ်စုခုနစ်စုမှ တောင်သူဦးရေ ၂၄၄ ဦး၏စပါး ၁၀ ဧက၊ ပြောင်း ၁၅၇၅ ဧကအတွက် ချေးငွေကျပ်သိန်း ၁၅၉၀ ကို ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း၊ တောင်သူများ၏စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖောင်းပြင်မြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းရေးအတွက် အရိပ်ရသစ်ပင် ၁၃၅၀၀ ပျိုးထောင်ထား

**ဖောင်းပြင် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများတွင် စိုက်ပျိုးရန်၊ ပြည်သူလူထုသို့ဖြန့်ဝေရန်၊ ဌာနဆိုင်ရာရုံးများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စာသင်ကျောင်းများတွင် ဖြန့်ဝေစိုက်ပျိုးရန်နှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များတွင် စိုက်ပျိုးရန် အရိပ်ရသစ်ပင်ပေါင်း ၁၃၅၀၀ကို ပျိုးထောင်ထားကြောင်း သိရသည်။

သစ်ပင်မျိုးများအနေဖြင့် ကျွန်း ၃၅၀၀၊ ပျဉ်းကတိုး ၁၅၀၀၊ ပိတောက် ၁၅၀၀၊ မန်ကျည်း ၄၀၀၀ တို့ကို ပျိုးထောင်ထားပြီး မိသားစုဝင်ငွေရရှိ၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေသည့် မျောက်ငို ၁၅၀၀၊ အရိပ်ရပင်များဖြစ်သည့် ကုက္ကို ၂၅၀၊ ခရေ ၂၅၀ တို့ကိုလည်း ပျိုးထောင်ထားကြောင်း၊ မြို့နယ်အတွင်းမှ စိုက်ပျိုးရန်လိုသော ပြည်သူများအနေဖြင့် အခမဲ့လာရောက် တောင်းယူနိုင်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကိုလည်း မေ ၂၂ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ကျွန်း ၃၀၀၊ ပျဉ်းကတိုး ၁၀၀၊ မန်ကျည်း ၅၀ နှင့် မျောက်ငို ၁၀၅၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အလားတူ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးရွာတစ်ရွာ နှစ်ဧကစိုက်ခင်းများကိုလည်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း(ဖောင်းပြင်)**

## အသင်းရဲ့စွမ်းဆောင်ရည်နဲ့ပတ်သက်ပြီး စိတ်ပျက်မိကြောင်း ချက်နှင်းလျှော့စီး နည်းပြပြော

ချက်နှင်းလျှော့စီးနည်းပြ တိုမက်ဇ်ဇီရီဘက်ကီဟာ ပေကျင်း ၂၀၂၂ ဆောင်းရာသီအားကစားပြိုင်ပွဲမှာ သူ့အသင်းရဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး စိတ်ပျက်မိတယ်လို့ ဖော်ပြလိုက်ပါတယ်။ ပြီးတော့လည်း ဩစတြီးယားရဲ့ ကမ်းလှမ်းမှုတစ်ခုကို လက်ခံခဲ့တယ်လို့ ပြောလိုက်ပါတယ်။

ချက်နှင်းလျှော့စီးအသင်းရဲ့ အသင်းနည်းပြချုပ်အဖြစ် ၂၀၁၉ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တဲ့ ဇီရီဘက်ကီဟာ ဒိုင်ယာနာ ချိုလန်စကာကို လူငယ်ကမ္ဘာ့ချန်ပီယံရှစ်မှာ ငွေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့သော်လည်း အသင်းသားတွေဟာ ၂၀၂၂ ခုနှစ်ပေကျင်းဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲမှာ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ဘူးလို့ သူက ပြောကြားလိုက်ပါတယ်။

စွမ်းဆောင်ရည်ညံ့ဖျင်းခဲ့တယ်ဆိုတာကို မိမိဝန်ခံပါတယ်။ အိုလံပစ်ပြိုင်ပွဲမတိုင်ခင်က မိမိတို့တွေ ဒဏ်ရာကြောင့် ကစားသမားနှစ်ဦးကို ဆုံးရှုံးခဲ့ရတယ်လို့ သူက ပြောပါတယ်။

ချက်နှင်းလျှော့စီးအဖွဲ့ချုပ်က ဇီရီဘက်ကီကို သူ့ရဲ့လုပ်ငန်းတာဝန်တွေကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်စေချင်ပါတယ်။ အကယ်၍ နည်းပြချုပ်ကသာ အဆိုပြုချက်ကို လက်ခံခဲ့မယ်ဆိုရင် သူ့ရဲ့အဓိကရည်ရွယ်ချက်ကတော့ ၂၀၂၆ ခုနှစ် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲအတွက် အသင်းကို ပြင်ဆင်သွားတော့မှာပဲ ဖြစ်ပါတယ်။

**လင်းခေတ်ဆန်**

## ၂၀၂၂ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှာ အောင်မြင်မှုသရဖူဆောင်းခဲ့သည့် တရုတ်အားကစားသမားများ ၂၀၂၆ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲမှာ ချန်ပီယံသရဖူကို ကာကွယ်သွားမည်ဟု ပြောကြား




၂၀၂၂ ပေကျင်း ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ တရုတ်အားကစားသမားအချို့ကို တွေ့ရစဉ်။

၂၀၂၂ ပေကျင်းဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲမှာ အောင်မြင်မှု သရဖူဆောင်းခဲ့တဲ့ တရုတ်အားကစားသမားတွေဟာ မီလန်နဲ့ ကော်တီနာဒီအမ်ပီဇိုမှာကျင်းပမယ့် ၂၀၂၆ ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲမှာလည်း သူတို့ရဲ့ ချန်ပီယံသရဖူကို ကာကွယ်သွားမယ်လို့ ကတိပေးခဲ့ပါတယ်။

ဆောင်းရာသီ မီတာ ၅၀၀ အမြန်စီးစကိတ်ပြိုင်ပွဲချန်ပီယံ ဂိုတင်ဂူနဲ့ မီတာ ၁၀၀၀ ကွင်းပတ်အမြန်စီးစကိတ်ပြိုင်ပွဲ ချန်ပီယံ ရန်ဇီဝေတို့က လာမယ့် ၂၀၂၆ ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲမှာ သူတို့ရဲ့ ချန်ပီယံသရဖူကို ကာကွယ်သွားမယ်ဆိုပြီး ပြောခဲ့တာဖြစ်ပါတယ်။

၂၀၂၆ ဆောင်းရာသီအိုလံပစ်မှာ ကြံ့ကြံ့ခံသွားနိုင်မယ်ဆိုရင် ချန်ပီယံဖြစ်ဖို့ မျှော်လင့်နိုင်ပါတယ်လို့ ဂိုက ပြောပါတယ်။

၂၀၂၂ ပေကျင်းဆောင်းရာသီ အားကစားပြိုင်ပွဲပြီးတဲ့နောက်မှာ အသက် ၂၄ နှစ်ရှိတဲ့ အမြန်စီးစကိတ်ချန်ပီယံ ဂိုဟာ လူမှုရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု အတော်များများမှာ ပါဝင်ခဲ့ပါတယ်။ အခုတော့ သူဟာ သူ့ရဲ့ မွေးရပ်မြေကို မိသားစုဝင်တွေနဲ့အတူ ရက်အတော်ကြာ ပြန်တော့မှာ ဖြစ် ပါတယ်။

"အခုတော့ ကျွန်တော့်မှာ ဒဏ်ရာအချို့ရှိထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်အနားယူဖို့လိုအပ်ပြီး လာမယ့် ၂၀၂၆ ခုနှစ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်ရတော့မယ်"လို့ ဂိုက ပြောပါတယ်။

၂၀၂၂ ပေကျင်းဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲပြီးသွားတဲ့နောက်မှာ တရုတ်အားကစားသမားအတော်များများ မျှော်မှန်းချက်သစ်တွေ ချမှတ်ခဲ့ကြပါတယ်။

**လင်းခေတ်ဆန်**

## စီးရီးအေ၌ တစ်ရာသီအတွင်း ဂိုးအများဆုံး သွင်းယူနိုင်သည့် အင်္ဂလန်ကစားသမားအဖြစ် အေဗရာဟမ် မှတ်တမ်းဝင်

အေဗရာဟမ်သည် အီတလီစီးရီးအေ ရာသီပိတ်ပွဲစဉ်အဖြစ် ရိုးမားအသင်းက တိုရီနိုအသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် စီးရီးအေ၌ တစ်ရာသီအတွင်း သွင်းဂိုး ၁၇ ဖြင့် ဂိုးအများဆုံးသွင်းယူနိုင်သည့် အင်္ဂလန်ကစားသမားအဖြစ် စံချိန်သစ် တင်နိုင်ခဲ့သည်။ အသက် ၂၄ နှစ်အရွယ် ချယ်ဆီးနှင့် အက်စ်တွန်ဗီလာ တိုက်စစ်ကစားသမားဟောင်း အေဗရာဟမ်သည် အဆိုပါပွဲစဉ်တွင် ၎င်း၏ လိဂ် ၁၆ ဂိုးနှင့် ၁၇ ဂိုးမြောက်ဂိုးကို ပွဲချိန် ၃၃ မိနစ်နှင့် ၄၂ မိနစ်တို့တွင် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခင်စံချိန်သစ် တင်ထားသည့် အင်္ဂလန်ကစားသမားမှာ ဂယ်ရီဟစ်ချန်စ်ဖြစ်ပြီး ၁၉၆၁-၆၂ ခုနှစ်က အင်တာမီလန်အသင်းအတွက် ၁၆ ဂိုးသွင်းယူကာ စံချိန်တင်ထားခြင်းဖြစ်သည်။ အေဗရာဟမ်သည် ယခုနှစ်ရာသီတွင် ရိုးမားအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၆ ဂိုးအထိ သွင်းယူထားသူ ဖြစ်သည်။ ရိုးမားအသင်းသည် အဆိုပါပွဲစဉ်တွင် ပြိုင်ဘက်ကို ဂိုးပြတ်အနိုင်ရရှိခဲ့သောကြောင့် အဆင့် (၆) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

**အောင်ဇော်**

## တရုတ်အမျိုးသားကြက်တောင်ရိုက်ကစားသမား ဂျပန်ကိုအနိုင်ရပြီး ထိုင်းအိုးပင်းဖိုင်နယ် တက်လှမ်း

ထိုင်းအိုးပင်း ကြက်တောင်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဆီးမီးဖိုင်နယ်မှာ တရုတ်မှ လီရှီဖန်ဟာ ဂျပန်နိုင်ငံက ကိုဒိုင်းနာရာအိုကာကို ခဲရာခဲဆစ်ယှဉ်ပြိုင်ခဲ့ပြီး ထိုင်းအိုးပင်းဖိုင်နယ်ပွဲကို တက်လှမ်းသွားပြီဖြစ်ပါတယ်။

မေ ၂၁ ရက်က ဆီမီးဖိုင်နယ်ပွဲမှာ လီရှီဖန်ဟာ ဂျပန်ကစားသမားကို နှစ်ပွဲ-တစ်ပွဲနဲ့ အနိုင်ရရှိခဲ့ပါတယ်။ လီဟာ ဖိုင်နယ်ပွဲမှာ မလေးရှားက လီဇီအီဂျီယာနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာတော့ ချန်ယူဖေးဟာ အိန္ဒိယနိုင်ငံက ဆင်းဒုပါဆာလာကို အနိုင်ရရှိခဲ့ပြီး ဖိုင်နယ်ပွဲကို ရောက်ရှိသွားပြီဖြစ်ကာ တရုတ် (တိုင်ပေ) မှ တိုင်ဇုနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

**လင်းခေတ်ဆန်**

## ရာသီပိတ်ပွဲစဉ်တွင် ဘက်တစ်ကို သရေကျခဲ့သည့် ချန်ပီယံ ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်အသင်းသည် ရာသီပိတ်ပွဲစဉ်အဖြစ် ဘက်တစ်အသင်းနှင့်ပွဲစဉ်ကို မေ ၂၁ ရက် နံနက်ပိုင်းက ဘာနေဗျူးကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါပွဲစဉ်သည် ယခုရာသီတွင် လာလီဂါအမှတ်ပေးဖလား ဆွတ်ခူးနိုင်ခဲ့သည့် ရီးရဲမက်ဒရစ်အသင်းနှင့် ကိုပါဒယ်ရေးဖလား ဆွတ်ခူးနိုင်ခဲ့သည့် ဘက်တစ်အသင်းတို့ တွေ့ဆုံသည့်ပွဲစဉ်ဖြစ်ပြီး အပြန်အလှန် ထိုးဖောက်မှုများဖြင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ရီးရဲမက်ဒရစ်နည်းပြ အန်ဆယ်လော့တီသည် ယခုပွဲစဉ်တွင် အင်အား အတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်ခဲ့ပြီး တိုက်စစ်မှူး ဘင်ဇီမာ သွင်းဂိုး နှစ်ဂိုးရရှိရန် နီးစပ်ခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ဘင်ဇီမာသည် ယခုနှစ်ရာသီ လာလီဂါတွင် ခြေစွမ်းပြသထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းအတွက် ၃၂ ပွဲတွင် ၂၇ ဂိုးအထိ သွင်းယူထားကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဦးဆောင်နိုင်ခဲ့သည်။

ဘာနေဗျူးမှ ထွက်ခွာတော့မည့် ဘေးလ်သည် ယခုပွဲစဉ်တွင် ပါဝင်ခဲ့ခြင်း မရှိကြောင်း သိရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုနိုင်ပွဲကြောင့် လာလီဂါ ၃၈ ပွဲကစားပြီး ရမှတ် ၈၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် ဘက်တစ်အသင်းက ၃၈ ပွဲ ကစားပြီး ရမှတ် ၆၅ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ရီးရဲမက်ဒရစ် အသင်းသည် မေ ၂၉ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**



ရီးရဲမက်ဒရစ်အသင်းနှင့် ဘက်တစ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။



## ပီအက်စ်ဂျီအသင်းမှ ထွက်ခွာတော့မည့် ဒီမာရီယာ

တောင်ပံကစားသမား အိန်ဂျယ်ဒီမာရီယာသည် ပြင်သစ် လီဂူးဝမ်းဖလားချန်ပီယံ ပီအက်စ်ဂျီနှင့် ခုနစ်နှစ်ကြာ လက်တွဲပြီးနောက် ယခုအခါအသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အသက် ၃၄ နှစ်အရွယ်ရှိ တောင်ပံကစားသမား ဒီမာရီယာအနေဖြင့် ရာသီပိတ်ပွဲစဉ် အဖြစ် မက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်သည် ပီအက်စ်ဂျီအတွက် ၎င်း၏နောက်ဆုံးပွဲစဉ် ဖြစ်လာမည်လည်း ဖြစ်သည်။

ဒီမာရီယာသည် မန်ယူအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ၂၀၁၆ ခုနှစ်တွင် ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၉၄ ပွဲ ပါဝင်ကစားထားကာ ၉၁ ဂိုး သွင်းယူပေးထားသည်။ ထို့ပြင် ဒီမာရီယာသည် ပီအက်စ်ဂျီအသင်းကို လီဂူးဝမ်းဖလား ငါးကြိမ်ရရှိအောင် ကူညီပေးထားသည်။

မန်ယူကစားသမားဟောင်း ဒီမာရီယာသည် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ရန် သတင်းများထွက်ပေါ်နေသည်။ **အောင်ဇော်**

# မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**မြစ်ကြီးနား မေ ၂၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မိုးရာသီအကြို စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကို မေ ၂၁ ရက် နံနက်ပိုင်းက မြစ်ကြီးနားတက္ကသိုလ်ဝင်း အတွင်း မိုးလုံလေလုံအားကစားခန်းမနှင့် ဖူဆယ်ဘောလုံးကွင်းဘေး ကွင်းပြင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးဒေါ်နန်ဆိုင်း(ယာပုံ)၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့သည် သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြစ်ကြီးနားတက္ကသိုလ် ဒုတိယပါမောက္ခ ချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ များ၊ လူမှုပရဟိတအသင်းအဖွဲ့များ စုပေါင်း၍ သတ်မှတ်နေရာအသီးသီး၌ ယမနေ၊ သစ်အယ်၊ ပျဉ်းကတိုး၊ တမလန်း၊ မျောက်လုပ်၊ သစ်တို၊ ခလောင်၊ ငါးပေါက်၊ ချယ်ရီအစရှိသည့် အရိပ်ရသစ်ပင်ကြီးမျိုး ၄၀၀ကျော်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၂၀ ရက် ညနေပိုင်းတွင် မြစ်ကြီးနားမြို့နယ်မြေခံတပ်အားကစားကွင်း၌ ကျင်းပသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း နောက်ဆုံးဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က တိုင်းမှူးဗိုလ်ချုပ်မြတ်သက်ဦးထံ တိုင်းစစ်ဌာနချုပ်အတွက် အားကစားအထောက်အကူပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဗိုလ်လုပွဲစဉ်အဖြစ် မြစ်ကြီးနား တပ်နယ်(က) အသင်းနှင့် မြစ်ကြီးနားတပ်နယ် (ဆ) အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြစ်ကြီးနားတပ်နယ်(က)အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး တိုင်းမှူးက ပထမဆုရ အသင်းအား ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် သရက်တောကျောင်းလမ်းနေ လင်းထက်နောင်(ခ) ဝိုင်းချစ် (၂၁)နှစ်သည် ၎င်းအသုံးပြုသည့် “ဝိုင်းချစ်” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာနေ အောင်သူကိုကို (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “Aung Thu Ko Ko” Facebook အကောင့်၊ ကန့်ဘလူမြို့၊ အမှတ်(၅)ရပ်ကွက်နေ သန့်ဇင်ထွန်း(ခ) အာရှဒက်သည် ၎င်းအသုံးပြုသည့် “Thant Zin Htun” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မြို့သာအရှေ့ကျေးရွာနေ စိုးပြည့်စုံ (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် “Soe Pyae Son” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပျဉ်းမကန်မြောက်ကွင်း ကျေးရွာနေ စည်သူဟိန်း (၁၉)နှစ်သည် ၎င်းအသုံးပြုသည့် “Si Thu Hein” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

အဆိုပါ တက္ကသိုလ်အသီးသီးသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ ကျောင်းတက် ကျောင်းဆင်း အဆင်ပြေစေရန်နှင့် ဒေသခံပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရန်အတွက် ယခုလက်ရှိ ပြေးဆွဲလျက်ရှိသော ပြည်တော်သာ- ဘုမေ- ရေချမ်းပြင် ရထားခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးနိုင်ရေးအတွက် မြန်မာ့မီးရထားဌာနမှ RBE ရထားတွဲ သုံးတွဲကို မေ ၁၆ ရက်တွင် ရန်ကုန်မြို့မှ သယ်ယူလာရာ စစ်တွေမြို့နယ် ကျောက်တန်းကျေးရွာ ဇက်ဆိပ်သို့ မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့သည်။ ရောက်ရှိလာသည့် ရထားတွဲများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့က သွားရောက်ကြည့်ရှု စစ်ဆေးကြရာ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရန်အတွက် ပြေးဆွဲပေးမည့် ရထားခရီးစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တာဝန်ရှိသူများက RBE ရထားတွဲများကို မော်တော်ယာဉ်ကြီးများဖြင့် ပြည်တော်သာဘူတာသို့ ဆက်လက်ပို့ဆောင်ကြသည်။ စစ်တွေမြို့၊ ပြည်တော်သာ- ဘုမေ- ရေချမ်းပြင် လမ်းကြောင်းများအတိုင်း RBE ရထားခရီးစဉ်များကို အစုန်/အဆန် တိုးချဲ့ပြေးဆွဲပေးတော့မည်ဖြစ်သဖြင့် တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ရထားစီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် ခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။


သတင်းစဉ်

# ရေဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမိသားစုက ဆန်အိတ်များလှူဒါန်း

**ရေဦး မေ ၂၁**

သံဃာတော်များ မိုးတွင်းကာလတွင် ဆွမ်းကွမ်းကိစ္စ အဆင်ပြေစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုမှ ရေဦးမြို့ မဟာဓမ္မာရုံကျောင်းတိုက်တွင် ယနေ့နံနက်ပိုင်းက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်း ဦးဆောင်၍ ရေဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုမှ ဆွမ်းဆန်တော် ၁၀ အိတ်အား မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဓမ္မာရုံကျောင်းတိုက် ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် ဓမ္မာရုံကျောင်းတိုက်ဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အနုမောဒနာတရား ဟောကြားချီးမြှင့်ခဲ့ကြောင်း သိရသည်။

သန်းထိုက်(ရေဦး)

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဘဝနတ်ထံ ပျံလွန်တော်မူ

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသဒ္ဓိယ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါအရ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ (၂၁-၅-၂၀၂၂) စနေနေ့၊ နံနက် ၁:၄၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အ.ထ.က (ရွှေလောင်း)ကျောင်းဆောင်သစ် ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**ဝါးခယ်မ မေ ၂၁**

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာအုပ်စု အ.ထ.က (ရွှေလောင်း) ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့ ညနေ ၄ နာရီခွဲက အဆိုပါကျောင်း၌ ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အလျား ပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၂၄ ပေ၊ RC နှစ်ထပ်ကျောင်းဆောင်သစ် (ကစ္စပနဒီဆောင်)ကို ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၃၃၀ ဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖွင့်ပွဲတွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ရွှေလောင်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခြေခံပညာ သင်ကြားမှု သင်ယူမှုဆိုင်ရာများ၊ ယခုပညာသင်နှစ်အတွင်း ရာနှုန်းပြည့် ကျောင်းအပ်နှံနိုင်စေရေး ကိစ္စရပ်များ၊ ဆရာ ဆရာမများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် ကလေးငယ်များအား အရည်အသွေးပြည့်ဝသော သင်ကြားမှုများ ထိရောက်စွာ သင်ကြားပို့ချနိုင်စေရေး၊ ကလေးငယ်များအနေဖြင့် အခြေခံပညာသာမကဘက်စုံ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာစေရေး ပြုစုပျိုးထောင်မှုဆိုင်ရာများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ရွှေလောင်းကျေးရွာပြည်သူများ၏ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမင်းက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ကျောင်းသုံးဗလာစာအုပ်များ၊ နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စဉ့်ကူးမြို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ) ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ

**စဉ့်ကူး မေ ၂၁**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်းမှ ကျေးရွာကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက်ကမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**



ဆွေးနွေးပွဲတွင် ပြင်ဦးလွင်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်သန်းက မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းနှင့်ပတ်သက်၍ ဌာနမှဆောင်ရွက်ပေးနေသည့် လုပ်ငန်းများရှင်းလင်းပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးနေလင်းက မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းလည်ပတ်ရန်ပုံငွေမှ ချေးယူထားသောငွေများ အတိုး/အရင်း ပြန်လည်ပေးဆပ်ရန်နှင့် ထုတ်ချေးရန် ကိစ္စတို့ကို မြစိမ်းရောင်ကျေးရွာ ကြီးကြပ်မှုကော်မတီဝင်များနှင့် ပြင်ဦးလွင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်မြစိမ်းရောင် ကြီးကြပ်မှုကော်မတီဝင်တို့နှင့်အတူ ညှိနှိုင်းအစည်းအဝေးပြုလုပ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ် ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၊ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသဒ္ဓိယ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာ (ခံဘဲ့)ကျေးရွာနေ ခမည်းတော် ဦးထွေး၊ မယ်တော် ဒေါ်နှင်းအေးတို့မှ ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၁ ခုနှစ်တွင် ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာ (ခံဘဲ့)ကျေးရွာ မှန်ကျောင်း ဆရာတော် ဘဒ္ဒန္တကုဏ္ဍလကို ဥပဇ္ဈာယ်ပြု၍ အဒေါ်ဖြစ်သူ ဒေါ်ငွေဇင်နှင့် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့တွင် မြစ်သားမြို့ မင်းကျောင်းစာသင်တိုက် ခဏ္ဍသိမ်၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ရေလည်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလကို ဥပဇ္ဈာယ်ပြု၍ မြစ်သားမြို့နေ ဒေါ်အေးရင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လျောင်းလျာသည် ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာ(ခံဘဲ့)ကျေးရွာ၊ မှန်ကျောင်းဆရာတော် ဘဒ္ဒန္တမေဃိန္ဒ၊ ဘဒ္ဒန္တကုဏ္ဍလ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ရေလည်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ၊ ဘဒ္ဒန္တသောဘိတ၊ ရွှေကျင်သာသနာပိုင် ကျေးမြင်ကျောင်းဆရာတော် ဘဒ္ဒန္တဇောတယာ ဘိဝံသ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်စည်ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတျာဘိဝံသ၊ အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်၊ ဒရဘံဂါတက္ကသိုလ်အောက်ရှိ နာလန္ဒာ ဘွဲ့လွန်ပညာသင်တန်းကျောင်းနှင့် မာဂဓတက္ကသိုလ် ဆရာတော်များ စသည့် ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့"၊ "မဟာဝိဇ္ဇာ၊ M.A" (အိန္ဒိယ) ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သင်္ဃန်းကျွန်းမြို့နယ်၊ ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၌ စာသင်သားရဟန်း၊ သာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သာသနိကအဆောက်အဦများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်တော်မူခဲ့ခြင်း၊ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီတော်၊ မန္တလေးမြို့၊ ဝေဠုဝန်ကျောက်စိမ်းစေတီတော်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်စေတီတော်၊ ဆူးလေစေတီတော်၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်၊ မန္တလေး)၊ ကျိုက္ကစံစေတီတော်ဂေါပကအဖွဲ့တို့၏ သြဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ စီမံချက်ရေးဆွဲရေးအဖွဲ့ဝင်နှင့် ပြဋ္ဌာန်းကျမ်းစာပြုစုရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသန ဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီ ပေသလ သိက္ခာကာမဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသန ဟိတရေဂုဏ်၊ ခမာ ဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၈၀ ပြည့်နှစ်တွင် **"အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့."**၊ ၁၃၈၂-ခုနှစ်တွင် **"အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့."** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၄)၊ သိက္ခာတော် (၆၄)ဝါအရ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ရက်၊ (၂၁-၅-၂၀၂၂) စနေနေ့၊ နံနက် ၁:၄၀နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ အကြိုညှိနှိုင်းစည်းဝေး



**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ် ညီလာခံအကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုတင်(မစန္ဒာ) နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ်စာရေးဆရာအသင်းများမှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုတင်(မစန္ဒာ)က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များ ပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က တတိယအကြိမ်ညီလာခံအတွက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကြိုညှိနှိုင်း ရှင်းလင်းသည်။

ဆက်လက်ပြီး တတိယအကြိမ်ညီလာခံသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်မှူးကြီး မြင့်ကျော် (မှူးကျော်-ပန်းတနော်) မိသားစုက အလှူငွေကျပ် နှစ်သိန်း၊ ဦးမြတ်စိုး (မြတ်စိုး-လှိုင်)၊ ဗိုလ်မှူးကြီးမြင့်ဆွေ (ငြိမ်း) - စာရေးဆရာမ ခိုင်ယဉ်မွန်(ဝိဇ္ဇာ/သိပ္ပံ)၊ ဦးသန်းဝင်း (မင်းယဉ်စု)၊ ဖားကန့်မြို့နယ်စာရေးဆရာအသင်း၊ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းနှင့် ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်းတို့က အလှူငွေကျပ် တစ်သိန်းစီ၊ အောင်မြေသာစံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ်ခြောက်သောင်း၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၊ ဦးသောင်းနိုင် (မန္တလေးတိုင်းဒေသကြီးစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ)၊ ဆရာဂမ္ဘီရမင်းမောင်(ထားဝယ်)၊ မိတ္ထီလာမြို့နယ်စာရေးဆရာအသင်း၊ သံဖြူဇရပ်မြို့နယ်စာရေးဆရာအသင်း၊ အလုံမြို့နယ်စာရေးဆရာအသင်း၊ တာမွေမြို့နယ်စာရေးဆရာအသင်း၊ မှော်ဘီမြို့နယ်စာရေးဆရာအသင်း၊ တောင်ငူမြို့နယ် စာရေးဆရာအသင်းနှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီအပါအဝင် အခြားအလှူရှင်များက အလှူငွေများလှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။

**သတင်းစဉ်**


**အများသိစေရန်ကြေညာချက်**

ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်မိုးလှိုင် ၇/ပခန(နိုင်)၀၇၀၉၁၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေ ရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၉/ရပ်ကွက်၊ အရှေ့ဝါယာလက် ၂လမ်း၊ အမှတ်(၆၅-ကေ)၊ အခန်းအမှတ် (၄-အေ)၊ ပထမထပ်တိုက် အကျယ်အဝန်း ၁၁၀၀ စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးလှဲ့ ၁၂/မရက(နိုင်)၀၇၅၄၈၃ ထံမှ ၁၅-၅-၂၀၂၂ရက်တွင် တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ကျွန်ုပ်၏မိတ်ဆွေ မှဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဒေါ်ခင်မိုးလှိုင် တစ်ဦးတည်းသာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ပြေဦး(LL.B) ဦးဟိန်းမင်းဆွေ(LL.B)

အထက်တန်းရှေ့နေ (စဉ်-၂၉၄၈၉) အထက်တန်းရှေ့နေ(စဉ်-၃၃၂၅၈)

အမှတ် ၄၂၊ စော်ဘွားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၄၂၁၀၅၆၅၂၇



**ကြော်ငြာစာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် (၈၃၁)၊ ဦးပိုင်အမှတ် (၁၃)၊ ၄၂လမ်းနှင့် ၄၃ လမ်းကြား၊ ၈၃လမ်းနှင့် ၈၄ လမ်းကြားရှိ မခင်မြင့်ဦး၊ မတင်တင်၊ မကြင်ကြင်၊ မဇင်ဇင်၊ မသင်သင်၊ မသောင်းသောင်း၊ မောင်မောင်အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ခင်မြင့်ဦး (ခင်ပွန်း) ဦးသိန်းအောင်၊ (သား) ဦးဇော်ဝင်း၊ (ချွေးမ) ဒေါ်နော်ဂျဲ(န်)ဗီး(ခ)ဒေါ်ဂျဲနီ၊ (သားငယ်) ဦးကျော် ကျော် (လူပျိုကြီးဘဝ)၊ (သမီး) ဒေါ်ရီရီမြင့် (အပျိုကြီးဘဝ)၊ ဒေါ်တင်တင်(ခင်ပွန်း) ဦးဘဌေး၊ (သမီး) ဒေါ်တင်တင်ခိုင်၊ မကြင်ကြင်(အပျိုကြီးဘဝ)၊ မဇင်ဇင်(အပျိုကြီးဘဝ)၊ မသင်သင်(အပျိုကြီးဘဝ)၊ ဦးမောင် မောင်တို့အသီးသီးကွယ်လွန်၍ ကျန်ရစ်သူများဖြစ်သော ဒေါ်နော်ဟေမန်ဦး ၉/မဟမ(နိုင်)၀၁၄၇၈၉၊ ဦးငြိမ်းချမ်းပိုင် ၉/အမဇ(နိုင်)၀၃၁၃၁၆၊ ဒေါ်မိုးမြင့်သဇင် ၉/အမဇ (နိုင်)၀၇၇၄၇၈၊ ဦးသန်းထွန်း ၃/မဝတ (နိုင်) ၁၁၂၂၄၊ ဦးအောင်မြင့် ၉/မရတ(နိုင်)၀၈၃၇၄၆၊ ဦးဇော်ဇော်အေး ၉/မရတ(နိုင်)၀၁၃၉၅၀၊ ဒေါ်သောင်း သောင်း ၉/မရတ(နိုင်)၀၁၃၉၀၄၊ ဒေါ်သန်းသန်း ၉/မရတ(နိုင်)၁၀၄၄၅၀တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ



**အိမ်ပြင်ပ၌ ထွန်းသောမီးများကို**

**နေ့အလင်းရောင်ရှိချိန်တွင်**

**ပိတ်ထားခြင်းဖြင့်**

**လျှပ်စစ်ကိုချွေတာပါ**



## တရုတ်နိုင်ငံမှပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နေရပ်အသီးသီးသို့ ပြန်နိုင်ရေးကူညီဆောင်ရွက်ပေး

**မူဆယ် မေ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ နှစ်နိုင်ငံဝင်/ထွက်ပေါက်နန်းတော် ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံသား ၁၁၆ ဦး ပြန်လည်ဝင်ရောက်လာရာ ယနေ့မွန်းတည့် ၁၂ နာရီက မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံရသည့် မြန်မာနိုင်ငံသား ကျား ၁၁၆ ဦး၊ မ ၅၄ ဦး စုစုပေါင်း ၁၇၀ မြန်မာ-တရုတ် နှစ်နိုင်ငံဝင် / ထွက်ပေါက်နန်းတော်ဂိတ်မှ လွှဲပြောင်းပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းတို့က ဦးဆောင်၍ ငွေကျပ် ၁၀၂၀၀၀၀ အား နေထိုင်စားသောက်ရေးနှင့် နေရပ်အသီးသီးသို့ ပြန်နိုင်ရေးအတွက် ထောက်ပံ့လှူဒါန်းသည်။ ထို့ပြင် လမ်းခရီး အဆင်ပြေစေရန် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း ခရိုင်လဝကဦးစီးမှူး ဦးရဲရင့်ထွန်းမှဦးဆောင်၍ လဝကနှင့်သက်ဆိုင်သည့် အထောက်အထားစာရွက်စာတမ်းများပြုလုပ်ပေးပြီး မိမိတို့နေရပ်အသီးသီး စိတ်ချမ်းသာစွာ ပြန်လည် ရောက်ရှိရေးအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)၌ တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) သက်တမ်းကျော်လွန်ပြီး လာရောက်ထုတ်ယူခြင်းမရှိဘဲ ပိုင်ရှင်မှ စွန့်လွှတ်သည့် မော်တော်ယာဉ် ၁၃ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉ ၀၆၅၁၅၄)ကို လည်းကောင်း၊ FDA ထောက်ခံချက်မရရှိသော ကိုဗစ်-၁၉ ကာကွယ်ရေး ဆက်စပ်ပစ္စည်းများဖြစ်သည့် လက်သန့်ဆေးများနှင့် Test Kit များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၃၆၂၇၈) ကို လည်းကောင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစခန်း၌ တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက်တွင် သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော ဆောက်လုပ်ရေး လုပ်ငန်းသုံး မှန်ချပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၁၀၈၁၂) ကို လည်းကောင်း၊ မေ ၂၀ ရက်တွင် သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာ ထားခြင်းမရှိသော လုပ်ငန်းသုံး စက်ပစ္စည်းများ၊ အိမ်သုံး လျှပ်စစ်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၉၄၈၀၀) ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၅၆၁၂) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် တောင်ဇာမရီကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းခွဲသားနှင့် ပျဉ်းကတိုးခွဲသား ၇ ဒသမ ၀၀၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၈၀၃၂) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၁၆ ၅၀၇၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2Q/3371, ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## တစ်ဦးတည်းဖြစ်ကြောင်း

တပ်ကုန်းမြို့နယ်၊ အေးချမ်းသာစံပြ အလက(ခွဲ) ဒုတိယအလယ်တန်းပြ ဆရာမ ဒေါ်ဝေမွန်မွန်ဦး (ခ)ဒေါ်ဝေဝေမွန်ဦး ၉/တကန(နိုင်)၁၂၈၇၂၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထာခြင်း

ယာဉ်အမှတ် 9E/1965 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4M/7489, ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထာခြင်း**

ယာဉ်အမှတ် 2Q/ 3369 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်၊
အိမ်အရောက်ငွေချေသည်၊
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ မြေကွက်အမှတ် (၂၃၇)၊ ဧရိယာအကျယ်အဝန်း (၄၀'x၆၀')ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနတို့တွင် အမှတ်စဉ်အမှတ် (၀၂၃၂၂) အရ ဒေါ်သန်းစိန် (TPG-၀၁၁၈၅၁) အမည်ဖြင့် ထွက်ရှိထားသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အဆိုပါမြေနှင့် အဆောက်အအုံနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်မေကြီး ၁၄/ပသန(နိုင်)၀၁၂၂၁၉မှ ၎င်းကိုယ်တိုင်တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေနှင့် အဆောက်အအုံနှင့်တကွ ယင်း မြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိုမာ (LL.B) အထက်တန်းရှေ့နေ (စဉ်–၃၅၇၇၆)**
**အမှတ် (S–1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၃၀၆၆၅၈၀၊ ၀၉–၉၆၀၇၂၀၃၇၄**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀၊ မြေကွက်အမှတ်- ၅၀၇/ခ၊ ဧရိယာ- ၂၀ ပေ × ၆၀ ပေ (၁၂၀၀ စတုရန်းပေ) ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဇေယျာ (၁၇) လမ်း၊ အမှတ်- ၅၀၇/ခ ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဦးတင်ဟန် (၁၂/ဥကတ (နိုင်) ၀၈၆၃၄၈) ၏ အမည်ပေါက်ဖြစ်ပြီး၊ ဦးတင်ဟန် ကွယ်လွန်ပြီးနောက် ဦးသောင်းဝင်း (၁၂/ဥကတ (နိုင်) ၀၈၄၉၁၉) မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်မှတ်ပုံတင်အမှတ်- ၁၄၄၃/၂၀၁၅ ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးတဖန် အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးသောင်းဝင်း ထံမှ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်- ၃၄၀၄/၂၀၂၂ ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့၍ တစ်ဦးတည်းတရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူ ဒေါ်တင်ပို (၆/သရခ (နိုင်) ၀၃၈၀၃၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသီတာသိန်း (၁၂/သဃက (နိုင်) ၀၀၄၁၅၈) က အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက် အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်အေးသီတာသိန်း ၏ ညွှန်ကြားချက်အရ-

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅၊ ၀၉-၄၄၃၁၂၀၃၀၁။

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁၊ မြေကွက်အမှတ်- ၅၅၁ (က)၊ ဧရိယာ- ၂၀ ပေ × ၆၀ ပေ (၁၂၀၀ စတုရန်းပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်မမလေး (BS- ၀၀၃၆၂၁) ၏ အမည်ပေါက်သော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ သီဟသူ (၃) လမ်း၊ အမှတ်- ၅၅၁ (က) ဟုခေါ်တွင်သည့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဒေါ်မမလေး ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်ခဲ့၍ တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသည့် သားသမီးများ/မြေး ဖြစ်ကြသော ဦးစန်းမောင် (၁၂/ဥကတ (နိုင်) ၀၁၂၄၄၉)၊ ဒေါ်ခင်ခင်ညို (၁၂/ဥကတ (နိုင်) ၀၁၂၅၃၇)၊ ဒေါ်ခင်မြမြအေး (၁၂/ဥကတ (နိုင်) ၁၀၁၇၀၄) နှင့် ဦးဇော်မိုးဝင်း (၁၂/ဥကတ (နိုင်) ၀၆၃၄၈၁) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးအေး (၁၂/မဂတ (နိုင်) ၀၃၀၅၆၃) က အပြီးအပိုင် ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိုကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်စိုးစိုးအေး ၏ ညွှန်ကြားချက်အရ-

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅၊ ၀၉-၄၄၃၁၂၀၃၀၁။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်နေ ဦးညာဏ်အောင် ၁၄/ဖပန(နိုင်)၀၀၁၉၃၁ နှင့် ဒေါ် စမ်းစမ်းထွေး ၁၄/ဖပန(နိုင်)၀၂၆၃၇၀ တို့၏သားများဖြစ်သော မောင်အောင်ဆန်းဦး ၁၄/ပဖန(နိုင်)၀၄၀၀၄၁နှင့် မောင်ဇာနည်အောင် ၁၄/ဖပန(နိုင်)၀၄၀၀၄၂ တို့သည် မိဘနှစ်ပါး၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ သို့ဖြစ်ပါ၍ မောင်အောင်ဆန်းဦး၊ မောင်ဇာနည်အောင်တို့နှင့် ပတ်သက်သော လူမှုရေး၊ စီးပွားရေးကိစ္စအဝဝသည် မိသားစုများနှင့်လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်း ခြင်းသည်းခံပါ။)**

**ဦးညာဏ်အောင် – ဒေါ်စမ်းစမ်းထွေး**
**၁၄/ဖပန(နိုင်)၀၀၁၉၃၁ ၁၄/ဖပန(နိုင်)၀၂၆၃၇၀**
**မန္တလေးမြို့ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## လမ်းအထူးအဖွဲ့(၁၄)

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)၊ (ရန်ကုန်)မှ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လုပ်ငန်းခွင်သုံး ဒီဇယ်ဆီ(ရိုးရိုး)နှင့် ဒီဇယ်ဆီ(ပရီမီယံ)များအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)၊ ရန်ကုန်၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၃-၅-၂၀၂၂ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပြီး ဖုန်း-၀၉-၇၆၉၈၄၇၁၃၂၊ ၀၉-၆၇၀၂၆၇၈၇၈တို့သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်–

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | – | ၂၃-၅-၂၀၂၂ရက်၊ (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** | – | ၂-၆-၂၀၂၂ရက်၊ မွန်းတည့် ၁၂:၀၀နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | – | ၃-၆-၂၀၂၂ရက်၊ နံနက် ၁၀:၀၀နာရီ |
| **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** | – | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)၊ ကုလားကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ |

တင်ဒါလျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄)၊ ကုလားကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်တွင် ၂၃-၅-၂၀၂၂ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)ရန်ကုန်**
**ဖုန်း–၀၉–၇၆၉၈၄၇၁၃၂၊ ၀၉–၆၇၀၂၆၇၈၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၆ ရပ်ကွက်၊ အင်းဝ ၃လမ်း၊ အမှတ်(၂၄၁–ခ)၊ (၂၀ပေx၆၀ပေ)ပေါ်တွင်ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်၏ ပထမထပ်(၂)လွှာ၏ ရေမီးစုံတိုက်ခန်းနှင့် ၎င်း၏ဆက်နွယ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တစ်ဦးတည်းတရားဝင်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ထွေးထွေးအောင် ၁၂/ဥကတ(နိုင်)၁၅၀၇၃၅ ထံမှ အပြီးအပိုင်ဝယ်ယူရန်ကျွန်ုပ်တို့၏အမှုသည် ဦးစိုးဝင်း ၁၂/အစန(နိုင်)၀၄၈၄၇၂ က စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုမည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များနှင့်ပတ်သက်ပြီး မည်သူမဆို အရောင်းအဝယ်ပြုခြင်းကို ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဇေယျာအောင်** | **ဦးမျိုးမင်းသူ** | **ဦးမြတ်သန်းကျော်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၁၅၆၁/၂၀၁၆)** | **(စဉ်–၄၇၇၇၇/၂၀၁၆)** | **(စဉ်–၄၈၈၆၆/၂၀၁၇)** |

**MYO WIN & ASSOCIATES LAW FIRM**
**အမှတ်–၁၂၈/၁၃၀(ပထမထပ်)၊ ၃၅လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း၀၉–၂၆၀၁၆၇၆၈၀၊ ၀၉–၂၅၀၁၅၅၆၈၅**
**Email: Inquiry @ myowinandassociates.com, inquiry @myowinlawfirm.com,**
**Website: www.myowinandassociates.com, www.myowinlawfirm.com,**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာရှိ City Loft၊ တိုက်အမှတ်–B(4)၊ 7th Floor၊ အခန်းအမှတ် ၇၀၁ ဟုခေါ်တွင်သော ဧရိယာ ၇၁၀စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လိုက်စွမ်းကော် (ကွယ်လွန်သူ ခင်ပွန်းဖြစ်သူ ဦးသန်းနိုင်၏အမည်ပေါက်ဖြစ်သော) ၁၃/လရန(နိုင်)၀၇၁၃၈၇ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးဟန်ဇော်လင်း**
**တရားလွှတ်တော်ရှေ့နေ–၁၃၆၆၁**
**အမှတ် ၁၃၆(ပ–ထပ်/ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၇၈၉၄၈၉၉၂၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (ဟ–၁၂)၊ ဦးပိုင်အမှတ်(၁၆၀)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ပျူစောထီးနှင့် ကျန်စစ်သားလမ်းကြားရှိ ဒေါ်နှင်းနှင်းအေးအမည်ပေါက်တောဂရန်မြေကွက်အား ဒေါ်နှင်းနှင်းအေး ၉/မနမ(နိုင်)၀၀၃၉၂၉၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၂၀/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းထွန်းဦး ၉/ပသက(နိုင်)၀၇၆၁၈၉ က မြေချထားမိန့်အကြောင်းကြားစာမူရင်း ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ မြေရာဇဝင်(၁–က)မှတ်တမ်းတွင် ဒေါ်နှင်းနှင်းအေး အမည်ပေါက် မှတ်သားခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၇၊ မြေကွက်အမှတ်-၃၃၃/က၊ ဇောတိကလမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ဦးလှမျိုးအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ချိုချိုလှိုင် (၁၁/ကတန(နိုင်)၁၀၃၇၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈
